# မြဝတီ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 9 August 2026 ၁၂၂၆၅


# ရေဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**စုစုပေါင်းအလှူငွေ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော် လက်ခံရရှိ**

နေပြည်တော် ဩဂုတ် ၈

ရေဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံစဉ်။


**ယနေ့ ဖတ်စရာ**

**စည်သူအလင်္ကာကျော်စွာ ဆရာကြီးတက္ကသိုလ်မြတ်သူနှင့် မေတ္တာရှေ့စောင်း ဓမ္မရသ ဇာတ်တော်ကြီး**
ဆောင်းပါး စာမျက်နှာ ၈

**ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်၌ ရေဝင်ရောက်သဖြင့် ယာယီနေအိမ်စွန့်ခွာပြည်သူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ငွေကျပ် ၁၅၆၅၀၀၀ ထောက်ပံ့ပေးအပ်**
စာမျက်နှာ ၁၀


**ဘောလုံးတစ်လုံးက မောင်းနှင်သော ခရီးသွားစီးပွားရေး**
ဆောင်းပါး စာမျက်နှာ ၁၁


## လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၈

ယနေ့မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

မိုး/ဇလ





## ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၈

မျိုးဆက်သစ်ကျောင်းသားလူငယ် မောင်မယ်များအနေဖြင့် နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုလေ့လာသိရှိပြီး အသိပညာဗဟုသုတများရရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် လွိုင်မွေမြို့ရှိ လွိုင်မွေစာတိုက်ကို ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်

ကျိုင်းတုံ ဩဂုတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် လွိုင်မွေမြို့ရှိ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံစာရင်းဝင် လွိုင်မွေစာတိုက်ကို ယနေ့နံနက်ပိုင်းတွင် ကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်ခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

ကြေးမုံ

# တည်ငြိမ်ရေးနှင့် သာယာဝပြောရေး အာဆီယံ၏ မိသားစုစိတ်ဓာတ်

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ကို စတင်တည်ထောင်ခဲ့သည့် (၅၉)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်က အာဆီယံပြည်သူများအားလုံး စည်းလုံးညီညွတ်မှုနှင့် အာဆီယံမိသားစုစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်း၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်ဟု သဝဏ်လွှာပေးပို့ခဲ့သည်။

ယခုအခါ အာဆီယံသည် "အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅"မှ "အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅"သို့ ကူးပြောင်းနေသည့် ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ၂၀၂၆ ခုနှစ်သည် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့် ၎င်း၏မဟာဗျူဟာမြောက်စီမံချက်များကို စတင်အကောင်အထည်ဖော်သည့် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်သည်။ အာဆီယံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်များကို ချမှတ်လျက်ရှိသည့် နှစ်လည်းဖြစ်သည်။ ယခုအခါ "ကျွန်ုပ်တို့၏အနာဂတ်ကို အတူတကွ ဦးဆောင်သွားကြပါစို့ – Navigating Our Future, Together" ဟူသောဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံက ဦးဆောင်ဆောင်ရွက်လျက်ရှိသည်။

အာဆီယံသည် လူဦးရေ သန်း ၆၈၀ ကျော်ရှိသည့် ဒေသဆိုင်ရာအစုအဖွဲ့တစ်ရပ်ဖြစ်လာပြီး အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထားအမြင်ကို အခြေခံ၍ ဒေသတွင်း တည်ငြိမ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်မြှင့်တင်နိုင်ခဲ့သည်။ ထို့အပြင် အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အပေါင်း အစည်းအဝေးကဲ့သို့သော အာဆီယံဦးဆောင်ယန္တရားမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။ စီးပွားရေးကဏ္ဍတွင်လည်း အာဆီယံသည် ကမ္ဘာပေါ်တွင် ပဉ္စမအကြီးဆုံးစီးပွားရေးအစုအဖွဲ့အဖြစ်ရပ်တည်လျက်ရှိပြီး ဒီဂျစ်တယ်စီးပွားရေးနှင့်အစိမ်းရောင် စီးပွားရေးအသွင်ကူးပြောင်းမှုများကို အားပေးဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူငယ်နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့်လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပြည်သူများဘဝနှင့် သာယာဝပြောရေးကို မြှင့်တင်နိုင်ရန် အားပေးလျက်ရှိသည်။

သို့ရာတွင် အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား မဟာဗျူဟာပြိုင်ဆိုင်မှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ပထဝီနိုင်ငံရေးတင်းမာမှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ စွမ်းအင်နှင့်စားရေရိက္ခာ လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများစသည့် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ ကွဲပြားခြားနားသည့်အလျောက် အကျိုးစီးပွားနှင့်ဦးစားပေးဆောင်ရွက်မှု အခန်းကဏ္ဍများလည်း ကွဲပြားလျက်ရှိသည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ပြည်တွင်းရေးကိစ္စရပ်များကိုသာ အလေးထားဖြေရှင်းရန်လိုလားမှုသည် အာဆီယံ၏အချက်အချာကျမှုအပေါ် မူတည်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ရာ ယခုနှစ်တွင် သက်တမ်း(၂၉)နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ထိုကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် တာဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံအသိုက်အဝန်းထူထောင်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံယန္တရားများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည်။ သို့ပါ၍ အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ကိုအခြေခံ၍ အာဆီယံ၏အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းကာ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသော ဒေသဆိုင်ရာဖွဲ့စည်းတည်ဆောက်မှုကို ပိုမိုအားကောင်းစွာဖော်ဆောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရွေးကောက်ခံအစိုးရအဖွဲ့သစ်အနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံအခြေခံမူများကို လေးစားလိုက်နာလျက် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အာဆီယံမိသားစုများနှင့်အတူ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အာဆီယံ၏မျှော်မှန်းချက် ၂၀၄၅ နှင့်အညီ ပိုမိုခံနိုင်ရည်ရှိသော၊ ဆန်းသစ်တီထွင်မှုကို အားပေးသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူဗဟိုပြုသော အသိုက်အဝန်းတစ်ရပ်ကို "မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျန်မနေစေရေး"မူနှင့်အညီ တည်ဆောက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ (၅၉)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ အခါသမယတွင် အာဆီယံပြည်သူများအားလုံး စည်းလုံးညီညွတ်မှုနှင့် အာဆီယံမိသားစုစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်း၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် ကောင်းမွန်သော အမြင် သဘောထားများဖြင့် ပိုမိုတက်ကြွစွာ ပူးပေါင်းလက်တွဲဆောင်ရွက်သွားနိုင်ကြစေရန် ဆန္ဒပြုအပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)




" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော်　　ဩဂုတ်　　၈**

ယနေ့ နံနက် ၁၀ နာရီ ၀၅ မိနစ် ၄၃ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ မြောက်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုဗ္ဗသီရိမြို့နယ်၏ အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၄ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ၈ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အောဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။









နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ် လှူဒါန်းကြသည့် အလှူငွေများကို လက်ခံစဉ်။

❍ ရှေ့ဖုံးမှ

တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် "သဘာဝဘေးအန္တရာယ်ကိုစုပေါင်းစွမ်းအားနဲ့ ကျော်ဖြတ်ကြမယ်" Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည်ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒုက္ခကြုံတွေ့နေရသည့်ပြည်သူများအား စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည့် မင်္ဂလာရှိသောအခမ်းအနားတစ်ခုဖြစ်ပါကြောင်း။

၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေးမျက်နှာမြို့နယ် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှတစ်ဆင့် ထူးပေါက်ပြီး ရေဖြတ်သန်းစီးဆင်းခြင်းကြောင့် တာတမံနိမ့်ကျ ရေကျော်စီးဝင်ခဲ့၍ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာ ၁၃၈ ရွာမှ အိမ်ထောင်စု ကိုးထောင်ကျော်၊ လူဦးရေ သုံးသောင်းကိုးထောင်ကျော်ရေဘေးသင့်ခဲ့ပြီး ကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားသည့် အခြေအနေဖြစ်ပါကြောင်း။

ကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင် ၃၁ ရက်မှစပြီး ဧရာဝတီ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိ ပြည်ထောင်စုဝန်ကြီးဌာန တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များ စုပေါင်းပြီး ထုပ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံCB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ ဘယ်၊ ညာတို့တွင် သဲအိတ်ချပိတ်ခြင်း စသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့်ရက်များတွင်လည်း သစ်သား/ သံကိုယ်ထည် စက်လှေသုံးစင်းကို သဲဖြည့်ရေမြှုပ်ပြီး ရေစီးကြောင်းတားဆီးခြင်း၊ မြှုပ်ထားသည့် စက်လှေများပေါ်ကို သဲအိတ်ကြီးများ ထပ်ဖြည့်ချခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြစ်ရေကျချိန်တွင် ပန်းတာကို မိုးတွင်းကာလထိန်းသိမ်းနိုင်ရေးဆောင်ရွက်ရန် စီမံထားရှိပြီး ပွင့်လင်းရာသီရောက်ရှိချိန်တွင် အခိုင်အမာမြေဖို့ခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ပိုမိုခိုင်ခံ့စေရေး ပန်းတာ၏ ရေကျော်ဝင်ရောက်နေသည့်နေရာတွင် ၁၂ မီတာ အရှည်ရှိသည့် Steel Sheet Pile များကို အလျား ပေ ၈၉၀ ခန့် အခုံးပုံ Pile ရိုက်သည့်လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများကို အလျင်အမြန် ကွင်းဆင်းကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန်ကတည်းက ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

စာမျက်နှာ ၄ သို့ ❍

❖ **မိမိတို့ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် လှူလျှင် မလျော့၊ မျှလျှင် မကုန် ဟူသောစိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်ကြ**

❖ **မိမိတို့တွင် အနည်းငယ်သာရှိနေစေကာမူ လိုအပ်နေသူများအား မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ ချီးကျူးဖွယ်ဓလေ့တစ်ခုဖြစ်**

❖ **ယနေ့ အလှူငွေပေးအပ်ပွဲတွင်ဆိုပါကလည်း စေတနာရှင်ပြည်သူများက ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြ**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည့် အလှူငွေများကို လက်ခံစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည့် အလှူငွေများကို လက်ခံစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည့် အလှူငွေများကို လက်ခံစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည့် အလှူငွေများကို လက်ခံစဉ်။

○ စာမျက်နှာ ၃ မှ

မိမိတို့အစိုးရ တာဝန်ယူစဉ် အချိန်ကပင် စီးပွားရေးကဏ္ဍနှင့် ပတ်သက်လာပါက **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**ဟူသည့် မူဝါဒကို ချမှတ်လုပ်ဆောင်နေကြောင်း၊ **နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ရန် လုပ်ဆောင်ရာတွင် ယခုကဲ့သို့ သဘာဝဘေး အန္တရာယ်များကြောင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည် ဆိုသည်ကို အမြဲသတိပြုရန် မိမိအနေဖြင့် မကြာခဏ အသိပေးမှာကြားထားပြီးဖြစ်ကြောင်း၊** သို့သော်လည်း မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အဝှမ်း ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု အစရှိသည့် အမျိုးမျိုးသော အကြောင်းအရာများကြောင့် ယခုကဲ့သို့ကိစ္စရပ်များ ရှိနေဦးမည်ဖြစ်ကြောင်း၊ ရှိလာသည့်အခါတွင်လည်း ထိခိုက်ပျက်စီးမှုများ လျော့နည်းသည်ထက်လျော့နည်းစေရေး နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ အဓိကရည်မှန်းချက်ဖြစ်သည့် ဘေးဒဏ်များမှ ကြံ့ကြံ့ခံနိုင်ရမည်ဟူသည့် အနေအထားအထိရောက်အောင် မိမိတို့အားလုံး အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင်လည်း လက်ရှိကြုံတွေ့နေရသည့်ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းတွက်ဆပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုရေဘေးကို အစိုးရ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များနှင့် ပြည်သူများအတူ ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများ၏ နှလုံးသားထဲတွင် **လှူလှူချင် မလျော့၊ မျှလျှင်မကုန်**ဟူသော စိတ်ဓာတ်သည် အမြဲရှင်သန်နေတတ်ကြပါကြောင်း၊ မိမိတို့တွင် အနည်းငယ်သာရှိနေစေကာမူ လိုအပ်နေသူများအား မျှဝေပေးရန် ဝန်မလေးကြသည်မှာလည်း မြန်မာတို့၏ ချီးကျူးဖွယ်ဓလေ့တစ်ခု ဖြစ်ပါကြောင်း၊ ယနေ့ အလှူငွေပေးအပ်ပွဲတွင် ဆိုပါကလည်း စေတနာရှင် ပြည်သူများမှ ငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရကိုယ်စား၊ ရေဘေးသင့်ပြည်သူများ၏ကိုယ်စား ကျေးဇူးတင်ပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်းကိုပြောကြားလိုကြောင်း။

သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါတိုင်း မြန်မာပြည်အနှံ့မှ ပြည်သူများအနေဖြင့် ဘေးသင့်သူများကို စိတ်တူကိုယ်တူ စုပေါင်းလှူဒါန်းကူညီကြသည်ကိုလည်း မြင်တွေ့ရပြီး ပေးကမ်းခြင်းဆိုသည်မှာ ပစ္စည်းတန်ဖိုးထက် မေတ္တာတန်ဖိုးကို ပိုမိုမြင့်မားစေပြီး လူမှုအသိုင်းအဝိုင်းကိုလည်း ပိုမိုနွေးထွေးခိုင်မာစေသည့် အင်အားတစ်ရပ် ဖြစ်လာစေပါကြောင်း။

ယခု ရင်ဆိုင်ကြုံတွေ့ရသည့် ရေကြီးရေလျှံမှု တုံ့ပြန်ရေးလုပ်ငန်းများသာမက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အထိ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်၊ အလှူရှင်များ၊ အဖွဲ့အစည်းများ တစ်ဦးချင်း လူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှုများအပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် ရေဘေးသင့်ပြည်သူများ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် လှူဒါန်းမှုများအပေါ် လေးစားစွာမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် မိမိအနေဖြင့် ယခု အခမ်းအနားသို့ မလာရောက်မီ ရေဘေးဒဏ်ကြုံတွေ့ခံစားနေရသည့် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်နေရာများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ခဲ့သော်လည်း ရာသီဥတုအခြေအနေ မပေးသဖြင့် ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်တို့၏ မြေပြင်အခြေအနေကို ရဟတ်ယာဉ်ပေါ်မှသာ ကြည့်ရှုခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ လူတို့၏ကြိုတင်ပြင်ဆင်မှုများဖြင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများ လျော့ပါးအောင် ဆောင်ရွက်နိုင်ကြောင်း၊ ယခင်ကလည်း ရေဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများနှင့် မုန်တိုင်းတိုက်ခတ်မှုများကြောင့် ထိခိုက်သေကျေမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးဒဏ်များကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျစောင့်ကြည့် လေ့လာသုံးသပ်ဆန်းစစ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခု လာရောက်လှူဒါန်းကြသည့် အလှူရှင်များသည် ရေဝတီတိုင်းမှသာမက အခြားဒေသများမှလည်း ပါဝင်ကြောင်း၊ ယခင်က ရေဝတီတိုင်းဒေသကြီးအတွင်း ရေကြီးကွင်း၊ ရေနက်ကွင်းများကို စိုက်ပျိုးမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေထိန်းတမံ တည်ဆောက်သင့်သည့်နေရာများ၌ ရေထိန်းတမံများ တည်ဆောက်၍ ရေဝင်ရောက်မှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နောင်အနာဂတ်တွင် ရေကြီးရေလျှံမှုများ လျော့ချနိုင်ရေး စနစ်တကျသုံးသပ်တွက်ချက်၍ ရေစီးရေလာကောင်းမွန် အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံသား တိုင်းရင်းသားများအနေဖြင့် မိမိတို့ရှိသည့် အတိုင်းအတာများဖြင့် လှူဒါန်းလိုသည့်စိတ်များ၊ ကူညီလိုကြသည့်စိတ်များ ကိုယ်စီရှိကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပြီး ထိုသို့လှူဒါန်းမှုများ၊ စေတနာ သဒ္ဓါတရားများ၏ အကျိုးကို မုချခံစားရမည်ဖြစ်ကြောင်း၊ မွန်မြတ်သည့်စိတ်ကို အရင်းခံ၍ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် အကျိုးကို မလွဲမသွေခံစားရမည် ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းသည့် အလှူရှင်များသည်လည်း စေတနာအရင်းခံ၍လှူဒါန်းခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး ဗုဒ္ဓဘာသာအယူအဆအရလည်း ကောင်းမွန်သည့် ဆောင်ရွက်မှုဖြစ်၍ ကောင်းမွန်သည့် အကျိုးရလဒ်များကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်း။

ဘေးအန္တရာယ်များကြုံတွေ့ခဲ့ရပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်ပေး၍ ဆောင်ရွက်ကြရပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို မိမိတို့အနေဖြင့် ယခုအချိန်အထိပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ အလားတူ အခြားအကြောင်းအမျိုးမျိုးကြောင့် မြို့ပြကျေးရွာများရှိ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလာရောက်လှူဒါန်းကြသူ အများစုသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများ ဖြစ်ကြပြီး စီးပွားရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်၏အကျိုးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံ့စီးပွား တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ်အတွင်း ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာ စိုးဝင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်း အလှူငွေကျပ် ၂၃ ဒသမ ၃၂၄ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ အိမ်သုံးမီတာများ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်

မိတ္ထီလာ ဩဂုတ် ၈

မိတ္ထီလာမြို့နယ်၌ အိမ်သုံးမီတာများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်၍ အွန်လိုင်းစနစ်ဖြင့် ဩဂုတ် ၁၅ ရက်မှစတင်၍လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များ ပြည့်စုံပါက မီတာများ အမြန်ဆုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ထိုသို့လျှောက်ထားရာတွင် သက်ဆိုင်ရာမန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သတ်မှတ်ချက်များ ပြည့်စုံစွာစိစစ်ဆောင်ရွက်ပြီးပါက အမြန်ဆုံး တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အွန်လိုင်းစနစ်ဖြင့် မစတင်မီ ယခင်စနစ်ဟောင်းပုံစံဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် အိမ်သုံးမီတာလျှောက်ထားမှုများအတွက် သတ်မှတ်ကြေး ပေးသွင်းပြီးသောသူများကို မီတာများ ပထမအကြိမ်ထုတ်ယူ၍ တပ်ဆင်ပေးလျက်ရှိသည်။ မီတာများဒုတိယအကြိမ် တပ်ဆင်နိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် မီတာလျှောက်ထားမှုတန်းစီစာရင်းအလိုက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ မြေပြင်ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ချက်နှင့်ညီသည့် လျှောက်ထားသူများထံသို့ မီတာများ တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်မြစ် ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်မြစ် ရေကာတာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ရေကြီးရေလျှံဖြစ်ပွားမှုနှင့် ပတ်သက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၈**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟသ်ာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ငဝန်မြစ်ရေကာတာ တမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံမှုများဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ တာတမံ ပြုပြင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ငဝန်မြစ်ရေကာတာ တမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေကြီးရေလျှံဖြစ်ပွားမှုဆိုင်ရာများနှင့် တာတမံ၏ သမိုင်းကြောင်းဆိုင်ရာများ၊ လေးမျက်နှာမြို့နယ် ငဝန်တာ တာမိုင် ၂၅/၃ အနီး တာအိ တာလျှော ဖြစ်ပွားမှုနှင့် သဲဗွက်ဖြစ်ပွားမှု အခြေအနေများ၊ လူနေရပ်ကွက်များ၊ အခြေခံပညာကျောင်းများအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားချိန်မှစ၍ ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ရေး၊ ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရေး၊ စားရေရိက္ခာများ ထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ခြင်းတို့ကို အရှိန်အဟုန်မြှင့် တာဝန်ယူဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက် ပေးလျက်ရှိမှုနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ လာရောက်ကြသည့် ပရဟိတကားများအတွက် စက်သုံးဆီများ ဖြန့်ဖြူး ဆောင်ရွက်ထားရှိမှု၊ ကျုံပျော်မြို့နယ်အတွင်း ရေဝင်ရောက်လာနိုင်မည့် ကျေးရွာများအား ရေဘေးရှောင်စခန်းများသို့ ကြိုတင် ပြောင်းရွှေ့ပေးနိုင်ရေး အစီအမံရေးဆွဲထားရှိမှု၊ ရေကျသွားသည့်နေရာများမှ စာသင်ကျောင်းများ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်၍ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရေများပြန်လည်ကျဆင်းလျက်ရှိမှုနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်း ရေငန်ဝင်ရောက်သည့် မြစ်ကြီးများနှင့် ရေငန်ဝင်ရောက်မှု အခြေအနေများ၊ ရေငန်ဝင်ရောက်မှု ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု မှတ်တမ်းခတ်ပုံ။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက တမံကျိုးပေါက်မှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင်လ ၃၁ ရက်နေ့မှစပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိ ပြည်ထောင်စုဝန်ကြီးဌာနတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ စေတနာလုပ်အားရှင်များစုပေါင်းပြီး ထုတ်တန်းရိုက်၊ ဝါးထရံကာခြင်း၊ Geobag ချခြင်း၊ ကရိန်းရေယာဉ်ဖြင့် ရေဝင်လမ်းအထက်၌ သဲအိတ်ချခြင်း၊ သံခွံCB တွဲဖြင့် သဲဖြည့်မြှုပ်ချပြီး ရေဝင်ထိန်းကာကွယ်ခြင်း၊ ပန်းတာ၏ ဘယ်/ညာတို့တွင် သဲအိတ်ချပိတ်ခြင်းစသည်တို့ကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိမှု၊ ရေဘေးသင့် ဒေသများတွင် လှုပ်ရှားဆေးအဖွဲ့များဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေနှင့် ကျန်းမာရေးနှင့်အညီ သန့်ရှင်းသည့် အစားအသောက်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာ ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဝင်နစ်မြုပ်ခဲ့သည့် စိုက်ပျိုးလယ်ယာများအား စစ်ဆေး၍ ပြန်လည်စိုက်ပျိုးရန် လိုအပ်သည့် စပါးစိုက်ခင်းများ၌ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စပါးမျိုးများ စုဆောင်းထားရှိမှုနှင့် အခြားလိုအပ်သည်များကို ပြင်ဆင်စီမံဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် စက်ယန္တရားများပြင်ဆင်ထားရှိမှု၊ တောင်သူများအနေဖြင့် ရေကျသွားချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ရေး မြေပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးပြင်ဆင်ထားရှိမှု၊ တာတမံများ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ရေပြန်လည်ကျဆင်းသွားသည့် အချိန်တွင် ရထားလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အပါအဝင် ပို့ဆောင်ရေးလုပ်ငန်းများ မူလအတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မူလကမ်းရင်းတာနှင့် ငဝန်တာ(မြစ်ကျိုးပန်းတာ) တို့တည်ဆောက်ခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းခဲ့မှု အခြေအနေများ၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်း ယခင်က တာကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှု အခြေအနေများ၊ ယခုရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများ၊ ရေဘေးသင့်ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားသည့်ဒေသများရှိ ပြည်သူများ၏ တစ်ကိုယ်ရေ ကျန်းမာရေးနှင့် သန့်ရှင်းသော သောက်သုံးရေများ

**စာမျက်နှာ ၆ သို့** ☆

စာမျက်နှာ ၅ မှ ☆
လုံလောက်စွာရရှိရန် လိုကြောင်း၊ ရေနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ခင်းများအား ပြန်လည်စိုက်ပျိုးသွားမည် ဆိုပါကလည်း အောင်ရေရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စပါးပြန်လည်စိုက်ပျိုးရန် စိုက်ပျိုးချိန်အခက်အခဲရှိပါက အခြားသီးနှံများကို စိုက်ပျိုးသွားကြရန်လိုကြောင်း၊ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် ယန္တရားများကို ကြိုတင်ရွှေ့ပြောင်းထားရန်နှင့် လိုအပ်သည့်စက်သုံးဆီများကိုလည်း ကြိုတင်စုပုံထားရှိသွားရန်လိုကြောင်း၊ တမံနိမ့်ကျပျက်စီးသွားသည့် နေရာအား ယာယီပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးအောင် ဝိုင်းဝန်းတိုင်ပင် ဆွေးနွေးပူးပေါင်းဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ရေကြီးရေလျှံမှု အချိန်ကာလကြာမြင့်နေမည်ဆိုပါက လူများ၏ နေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ပိုမိုများပြားစေမည် ဖြစ်သဖြင့် ရေကျော်စီးဝင်ခဲ့သည့် ရေများ အမြန်ပြန်လည် ကျဆင်းနိုင်ရေး ရေဆင်းလမ်းကြောင်းများ စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုမိုးရာသီကာလအတွင်း တာတမံမြေနိမ့်ကျမှုများ ထပ်မံမဖြစ်ပေါ်စေရေး အတွက်လည်း လိုအပ်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်သွားရန် လိုကြောင်း ဖြည့်စွက်မှာကြားသည်။

**သဘာဝဘေးအန္တရာယ်**
**ကာကွယ်တားဆီးနိုင်ရေးနှင့်**
**ပထဝီဝင်အနေအထားအရ**
**ပေးအပ်ထားသည့်**
**အရင်းအမြစ်များအား**
**အကျိုးရှိစွာ အသုံးချနိုင်ရေး**

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မကြာသေးမီ ကာလအတွင်းက ငဝန်ရေကာတာနိမ့်ကျ၍ ရေကျော်စီးဝင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူသားတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍ မရနိုင်သော်လည်း လူတို့၏ လုပ်ဆောင်ချက်များဖြင့် ကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ပြီး သဘာဝဘေးအန္တရာယ် မလွဲမသွေရင်ဆိုင်ကြုံတွေ့လာရပါကလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မည်ကဲ့သို့ အဆင့်အလိုက်ဆောင်ရွက်ရမည်ကိုလည်း သိရှိနားလည်ကြရန်လိုကြောင်း၊ မိမိ ယခုလာရောက်ခဲ့ခြင်းသည်လည်း ယခုကြုံတွေ့နေရသည့် သဘာဝ



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။

ဘေးဒဏ်ကို ကျော်လွှားနိုင်ရေး မည်သို့ဆောင်ရွက်ရမည်ကို သိရှိလို၍ လာရောက်ကြည့်ရှုစစ်ဆေးခြင်းပင်ဖြစ်ကြောင်း၊ မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း (Bed level) များအား စဉ်ဆက်မပြတ် သုတေသနပြု မှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည်ဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝ ဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအရင်းအမြစ် ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စနစ်တကျ စဉ်ဆက်မပြတ် လေ့လာဆန်းစစ်သုံးသပ် စောင့်ကြည့်ဆောင်ရွက်နေကြရန် လိုကြောင်း။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသအတွင်း ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မြစ်အထက်ပိုင်းမှ စီးဆင်းလာသည့် ရေများအားလုံး လူနေထိုင်ရာနေရာများသို့ ဝင်ရောက်မှုမရှိဘဲ ရေစီးကြောင်းအတိုင်း စီးဆင်းသွားနိုင်ရေး စနစ်တကျသုတေသနပြုဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မြစ်ချောင်းများ၏ မြစ်ကြမ်းခင်း (Bed Level) များကို စောင့်ကြည့်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရေနစ်ဝင်ရောက်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရေငန်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့်ရေငန်တားတာများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများ၌ Low Head Dam များ ဆောက်လုပ်ခြင်းဖြင့်လည်း ရေငန်ဝင်ရောက်မှုကို လျှော့ချနိုင်ကြောင်း၊ မြေအနိမ့်အမြင့်အပေါ်မူတည်၍ အပိုင်းလိုက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ငွေကြေးကုန်ကျမှု များပြားနိုင်သော်လည်း ရေရှည်တွင် ပြန်လည်ရရှိမည့် အကျိုးကျေးဇူးများကို ကြည့်၍ စနစ်တကျ တွက်ချက်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

ပုသိမ်မြစ်နှင့် ပတ်သက်၍ ရှေးယခင်က ပုသိမ်မြစ်အတွင်းသို့ သင်္ဘောကြီးများ ဝင်ထွက်သွားလာဆိုက်ရောက်နိုင်ခဲ့ကြောင်း၊ ယခုအခါ Bed Level များ မြင့်တက်လာမှုကြောင့် သင်္ဘောကြီးများ ဝင်ရောက်နိုင်မှု နည်းပါးလာကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများကို ပုသိမ်မြစ်ကြောင်းမှတစ်ဆင့် သင်္ဘောကြီးများဖြင့် သယ်ယူပို့ဆောင်နိုင်ကြောင်း၊ အလားတူ ပြည်တွင်းအတွက် လိုအပ်သည့် ပစ္စည်းများကို ပုသိမ်မြို့ ဆိပ်ကမ်းမှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းကြောင့် မိမိတို့နိုင်ငံ၏ ဒုတိယဆိပ်ကမ်းမြို့အဖြစ် ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သဘာဝမှပေးထားသည့်မြေနှင့်ရေကိုအကျိုးရှိရှိအသုံးချနိုင်မည် ဆိုပါက အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အဖိုးတန်ရေချိုကို အကျိုးရှိအောင်သုံးစွဲနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးမြေနေရာများသို့ ရေငန်များဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြစ်များအတွင်း သွားလာရေးအတွက် အသုံးပြုနိုင်သကဲ့သို့ မြစ်ရေတင် စီမံကိန်းများဖြင့် စိုက်ပျိုးရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေချိုများရရှိရေး ဆောင်ရွက်ရာတွင် မြစ်ချောင်းများအတွင်း ရေငန်ဝင်ရောက်မှုများ မရှိအောင် စနစ်တကျဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရေချိုများ ရရှိစေရေး နွေရာသီကာလတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် မြစ်ရေတင် လုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးခြင်းနှင့် တောင်သူများအနေဖြင့် သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်၍ရကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ GDP မြင့်မားသည့် တိုင်းဒေသကြီးခြောက်ခုတွင် အမြင့်ဆုံးတွင်ရှိကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိပြီးဖြစ်သည့် မြေခံရေခံကောင်းများကို အသုံးချ၍ GDP တိုးတက်မြင့်မားအောင် ဆောင်ရွက်ပြီး ဒေသ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပညာတတ်လူသား အရင်းအမြစ်များ လုံလောက်စွာ ရှိပြီးဖြစ်သဖြင့် လူသားအရင်းအမြစ်များကို အရည်အသွေး ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးသည့်နိုင်ငံများသည် ပညာတတ်များ ပေါကြွယ်ဝသည့် နိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် ပညာတတ်များ ပေါကြွယ်ဝစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသဖြင့် ပညာရေးကို အားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ ဆယ်စုနှစ်များအလိုက် ပညာရည် မှတ်တမ်းများအား ပြန်လည်သုံးသပ်ကြည့်ရှုရာတွင် မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍတွင် အားနည်းမှုများ ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားစေရေး KG+9 အထိ မသင်မနေရစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအလယ်တန်းအဆင့်ကို ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက အထက်တန်းအဆင့်သို့ ဆက်လက် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း ရေခံ မြေခံကောင်းများရှိပြီးဖြစ်သဖြင့် အဆိုပါရေခံမြေခံကောင်းများကို အသုံးချနိုင်ရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များကို မဖြစ်မနေမွေးထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း ထိပ်တန်းအဆင့်တွင်ရှိသည့် တိုင်းဒေသကြီးတစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသတွင်း နေထိုင်ကြသူများကလည်း ကြိုးစား၍ ဒေသတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရာတွင် မိမိတို့ဒေသအလိုက် ပထဝီဝင်အနေအထားအရ ပေးအပ်ထားသည့် အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေးတို့နှင့် ပတ်သက်၍ သာမန်အားဖြင့် စဉ်းစားဆောင်ရွက်၍ မရဘဲ အမြင်ကျယ်ကျယ်နှင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်မှ မူဝါဒချမှတ်တွန်းအားပေး၍ ဆောင်ရွက်ခြင်းမျိုး မဖြစ်စေလိုဘဲ မိမိတို့ တာဝန်ယူထားရသည့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းရာကောင်းကျိုးများကို လုပ်၍ရသည့် နည်းလမ်းများဖြင့် စေတနာထားကြိုးပမ်းဆောင်ရွက်၍ ဒေသနှင့် နိုင်ငံ၏အကျိုးကို ဖော်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❋ ကျောင်းသားမှ
ဖြစ်ပေါ်လာစေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးရွက်ဆောင်လိုသည့် ရည်မှန်းချက်ကောင်းများ ထားရှိတတ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(လေသာ)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြခန်းများအလိုက်တာဝန်ရှိသူများက တပ်မတော်(ကြည်း)ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ)ပြကွက်များ၌ ခင်းကျင်းပြသထားမှုများကို အသေးစိတ်လိုက်လံ ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြည့်ရှု၍ သိရှိလိုသည်များကိုမေးမြန်းကြရာ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသထားသည့် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် လက်နက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သံလွင်မြစ်နှင့် စစ်တောင်းမြစ်ရေ

## စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**❖ ရှမ်းပြည်နယ်မှ**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ကြေးပြားကမ္ပည်းမော်ကွန်းကို အမွေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လွိုင်မွေနှစ်တစ်ရာအိမ် (နယ်ခြားဝန်နေအိမ်)၊ ကျိုင်းတုံမြို့ဗုဒ္ဓဥယျာဉ်နှင့် ဗုဒ္ဓဥယျာဉ်အတွင်းတည်ရှိသော သီလဓမ္မဆေးရုံ၌ ပြည်သူများ ဆေးကုသမှုခံယူနေသည့် အခြေအနေ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ-လာအိုနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အာရှလမ်းမကြီးနှင့် ဆက်သွယ်ထားသည့် လာအို-မြန်မာ ချစ်ကြည်ရေးတံတား (ကျိုင်းလပ်တံတား)ကို ကြည့်ရှုစစ်ဆေးပြီး နယ်စပ်ဖြတ်ကျော်ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

အလားတူ ယမန်နေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ဟောင်းရှိ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ငမ်ဖမြို့ရိုးတူးဖော် သုတေသနပြုခြင်းလုပ်ငန်း၊ RCM ဘုရားကျောင်းဝင်းအတွင်းရှိ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ကျိုင်းတုံမြို့၏ အထင်ကရ ခရီးသွားဆွဲဆောင်ရာ နေရာများဖြစ်သည့် ကြေးပြား ကမ္ပည်းမော်ကွန်းတပ်ဆင်ထားရှိသော မဟာမြတ်မုနိဘုရားနှင့် ခေမရဋ္ဌဗျာဒိတ်ပေး ရုပ်တော်မူဘုရားကြီးတို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စိန်မေရီအထက်တန်းကျောင်း ခေါ် အထက(၂) ချယ်ရီဆောင် ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်ခြင်းသည် သမိုင်းတန်ဖိုးကို ပိုမိုထင်ရှားစေမည့်အပြင် အမှတ်တရ အမွေအနှစ်တစ်ရပ်အဖြစ် ရေရှည်တည်တံ့စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ရက်သတ္တ ရှစ်ပတ်ခန့် ဖွင့်လှစ်မည့် ထိုင်းဘာသာစကားပြော (အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ကျိုင်းတုံယဉ်ကျေးမှုပြတိုက်၌ ဒေသခံတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံပြီး တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုပြကွက်တွင် အသုံးပြုထားသည့် ဆီလီကွန်ရုပ်တုများကို သက်ဆိုင်ရာ တိုင်းရင်းသားတို့၏ မူလရုပ်သွင်ပြင် လက္ခဏာနှင့် နီးစပ်မှုရှိစွာ ခင်းကျင်းပြသဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ နိုင်ငံပိုင်ဟိုတယ်များ ဖြစ်သည့် Amazing Keng Tung Resort နှင့် ကျိုင်းတုံပါရာဒိုက်စ်ဟိုတယ်တို့၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ကျိုင်းတုံဟော်နန်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိမှုနှင့် ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် ကျိုင်းတုံရေတံခွန် အပန်းဖြေစခန်းနှင့် အပန်းဖြေစခန်းတွင် တည်ထောင်ထားသည့် ဟိုယန်းလွယ် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism – CBT) ကျေးရွာဖော်ဆောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကျိုင်းတုံယဉ်ကျေးမှုပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

## အနာဂတ်ပန်း ရွှေရောင်လွှမ်းဖို့ လူငယ်ကဏ္ဍ မြှင့်တင်စို့

❖ ဝါသနာ သေချာသိ
အတိကျ ရွေးချယ်ပါ။
လျှောက်လှမ်းရာ လမ်းတစ်လျှောက်
မကောက်ကွေ့မှာ။
ပန်းခင်းလမ်း ဖြစ်စေရာ
ပညာရှာ သင်ယူကြိုးစား။
စာဖတ်ကာ လေ့လာဆည်းပူး
ထူးမည့်လူသား။

❖ အောင်ပန်းဝေ လှိုင်လှိုင်ပွင့်
ပနံသင့် လူငယ်ပန်းတိုင်။
လျှောက်လှမ်းမယ် မငြီးစတမ်း
အခွင့်လမ်းပြိုင်။
မမောမပန်း ဝီရိယခိုင်
ဇွဲမယိုင် သတ္တိပြည့်ဝ။
လုံ့လကူ ခရီးကြမ်း
ဖြောင့်တန်းမည်ပ။

❖ လူငယ်ရေးရာ ဆောင်ရွက်ချက်
စဉ်ဆက်မပြတ် စီမံကာ။
တိုင်းပြည်နယ် နေရာအနှံ့
ဖြန့်ကြက်လျက်သာ။
လူငယ်များ တိုးတက်စေရာ
အောင်မြင်စွာ လက်ချင်းဆက်။
ဗလငါးတန် ပြည့်စုံစေရေး
မနှေးဆောင်ရွက်။

❖ နိုင်ငံတော် တည်ဆောက်ရေး
ပါဝင်ပေး တို့လူငယ်။
စွမ်းဆောင်ရည် မြင့်မားဖို့
အားဖြည့်ရာဝယ်။
လူငယ်ကဏ္ဍ တိုးတက်ဖို့ရှယ်
တိုင်းပြည်နယ် အနှံ့အပြား။
လူငယ်ရေးရာ ဝန်ကြီးဌာနက
ဖေးမကူသွား။

ရွှေညာသူ(စက်မှု)



## ချမ်းမြသာစည်မြို့နယ် အမှတ်(၂၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖီးကြမ်းငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၂၄) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကလေးငယ်များ အာဟာရပြည့်ဝရေး ငှက်ပျောစိုက်ပျိုးရေးစီမံချက်အဖြစ် ဖီးကြမ်းငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့် အဖွဲ့ဝင်များက စိုက်ပျိုးမည့် ငှက်ပျောပင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပေးအပ်ပြီး ဖီးကြမ်းငှက်ပျောပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝဏ္ဏအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖီးကြမ်းငှက်ပျောပင် ၃၃၆ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖျာပုံမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ဖျာပုံ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၆ ရက်က ဖျာပုံပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖျာပုံပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းထွန်းဝင်းနှင့် သူနာပြုဆရာမ ဒေါ်မိုးမိုးအေးတို့က ကျောင်းအာဟာရကျွေးမွေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရ၏ အရေးပါမှုများ စသည်တို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်နှင့် မူကြိုကလေးများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

# စည်သူအလင်္ကာကျော်စွာ ဆရာကြီးတက္ကသိုလ်မြတ်သူနှင့် မေတ္တာရွှေစောင်း ဓမ္မရသဇာတ်တော်ကြီး

## ⁓ အမျိုးသားစာပေဆုရ အလင်္ကာကျော်စွာရွှေကူနန်းနွဲ့နွဲ့ ⁓

**စောင်းတော်ဘွဲ့ လင်္ကာ(ရှေးရေး)**

ပိတောက်ကိုတဲ့ မ,တည်
ရှားခေါက်ကယ် ခွေခွေနှင့်
သမင်ရေ နာနာဖုံးပါလို့
ဆယ့်သုံးပင်ခင်ဝါပိုးကို ခင်ရိုးမှာတွယ်
မြီးဖျားက ပန်းဖွားသွယ်ချက်လှယ်လို့စုပေါင်း
ဒူ၊ တေး၊ ထံ တျာ နှင့်
မြည်ရှာလေပြည်စုံမက်တယ်
ရွှေနန်းထွက်စောင်း။ ။

တစ်သက်တာစာပေဆုရှင် စာရေးဆရာကြီး၊ သတင်းစာဆရာကြီး ဝါရင့်သတင်းထောက်ကြီးဟု အများကလေးစားချစ်ခင်အားကျရသော ဆရာကြီးတက္ကသိုလ်မြတ်သူ၊ သက်တော်ရှည် ပြည်သူ့စာဆိုကြီး ကွယ်လွန်သွားခဲ့သည့်အတွက် များစွာနှမြောတသ ဖြစ်ရပါသည်။

မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း၊ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးများကို အရည်ကျိုသောက်ထားသကဲ့သို့ မမေ့မလျော့ မှတ်စုမကြည့်၊ ဒိုးခနဲ ဒေါက်ခနဲ ကရားရေလွှတ် ပြောဆိုနိုင်စွမ်းသော ကွန်ပျူတာဦးနှောက်ပိုင်ရှင်ကြီး ဆရာကြီးတက္ကသိုလ်မြတ်သူကို အဝေးမှအားကျကြည်ညို ခဲ့သည်မှာကြာခဲ့ပါပြီ။ သတင်းစာဆရာကြီး၊ အယ်ဒီတာကြီး၊ စာပေပညာရှင်ကြီးဟုသာ သိထားသော ထိုဆရာကြီးကို ကျောက်တော်ကြီး ဘုရားတည်စ ဘုရားကြီးပူဇော်ရန် ဓမ္မတေးရေးပေးသော ဆရာကြီး ဦးအောင်နိုင်(ဝိဇ္ဇာဂုဏ်ထူး)အိမ်တွင် မမျှော်လင့်ဘဲ ဆုံတွေ့ရပါသည်။

ဆရာကြီး ဦးအောင်နိုင် မိတ်ဆက်ပေးပြီး နောက်ဆက်တွဲ သိရှိရသည်မှာ ထိုသတင်းစာဆရာကြီးမှာ စွယ်စုံရ(စာပေ၊ ဂီတသမားကြီး) ပညာရှင်ကြီးဟု သိလိုက်ရပါသည်။

ဆရာကြီးတို့ခေတ်က မဟာဂီတတတ်ထားလျှင် လူလေးစားသည့်၊ ဂုဏ်ရှိသည့်ခေတ်ပေကိုး။ ဆရာကြီးတက္ကသိုလ်မြတ်သူမှာ မယ်ဒလင်၊ ဘင်ဂျို၊ တယော၊ ပတ္တလား ကိုယ်တိုင်တီးခတ်နိုင်ပြီး ပွဲဝင်တီးခတ်ခဲ့ဖူးကြောင်း သတင်းစာလောကရောက်မှသာ မအားလပ်နိုင်လွန်း၍ ဂီတလောကနှင့် ထဲထဲဝင်ဝင် မထိတွေ့နိုင်တော့ကြောင်း၊ နှလုံးသားမှ ဂီတမြတ်နိုးမှုမှာ မည်သည့်အခါမျှ လျော့ပါးမသွားကြောင်းများ သိခွင့်ရပါသည်။

နောင်ခါများတွင် မဟာဂီတဆိုင်ရာ စာအုပ်စာတမ်းများလည်း ရေးသားပြီး စာရေးသူထံ လက်ဆောင်ပေးဖူးပါသည်။ ထို့အတူ ဘာသာရေးဆိုင်ရာစာအုပ်များလည်း လက်ခံရရှိဖူးပါသည်။ ဂီတမြတ်နိုးသူကြီးကို အလျဉ်းသင့်လျှင် တီးပြ၊ ဆိုပြ၊ ဂီတဖြင့် ပူဇော်ကန်တော့ဦးမည်ဟုတွေးကာမှတ်သားထားပါသည်။

ဆရာကြီး အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ခံရသောနှစ်တွင် ၎င်း၏ဘုရားခန်း၌ ကမ္ဘာ့အရပ်ရပ်မှ ပင့်ဆောင်စုဆောင်း၊ မဲပေါက်ထားသော စေတီအပါအဝင် ရုပ်ပွားဆင်းတုအဆူဆူတို့ကို အနေကဇာတင်ပွဲကြီး ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပါသည်။ စာရေးသူကိုလည်း ဘုရားများလာဖူးရန် ကိုယ်တိုင်ဖိတ်ကြားပါသည်။ ဆိုချင်၊ တီးချင်၊ ပူဇော်ချင်အကွက်စောင့်နေသော စာရေးသူမှာ မိမိတစ်ဦးတည်းသွားပြီး ဦးသုံးကြိမ်ချ၊ ရွတ်ဖတ်ဆုတောင်းပေးခြင်းထက် မှတ်မှတ်သားသားရှိစေရန် အခြားသောမိတ်ဆွေသင်္ဂဟ ဘုရားဖူးလာသူတို့ဆောင်ရွက်မည်မဟုတ်သည့်အစီအစဉ်တစ်ရပ်ကို ဖန်တီးလိုက်ပါသည်။

ယဉ်ကျေးမှုတက္ကသိုလ်မှ ၎င်း၏သားတပည့်များကို ခေါ်ဆောင်သွားပြီး (ညှေ့ပရိသတ် ကျဲပါးသွားချိန်)တွင် ကထိကဆရာမ ဒေါ်ခင်ခင်မြင့် – ပတ္တလား၊ ကထိက ဆရာဦးထွန်းဝဏ္ဏစိုး – စောင်း၊ အဆိုကထိက ဒေါ်ခိုင်ဇင်ရွှေနှင့် အဆိုကထိက ဒေါ်သိမ့်သိမ့်ဆွေ၊ စည်းဝါးတပည့်လေး၊ ခရုသင်းမှုတ်တပည့်လေးများနှင့် ဓမ္မတေးများ သွားရောက်ပူဇော်ပေးခဲ့ရာ ဆရာကြီးမှာ ဂီတနှင့်တွေ့လိုက်ရ၍ လန်းဆန်းသွားပုံကို ယခုပင် မြင်ယောင်မိပါသည်။

ထူးမခြားနား (ရောင်ခြည်တော်ဘွဲ့)၊ စွယ်တော်(ကြိုး)၊ လျှပ်ပန်းခွေနွဲ့(ယိုးဒယား)၊ အောင်နိမိတ်(ဓမ္မစကြာ) စသည့် မဟာဂီတခေတ်ဟောင်းတေးများပူဇော်ပြီး ဆရာကြီးနှင့် အမှတ်တရဓာတ်ပုံရိုက်ကြပါသည်။ ကျွေးမွေးဧည့်ခံသည်မှာလည်း အကြိမ်ကြိမ်မို့ အလွန်ဝမ်းမြောက်ရွှင်လန်း ပီတိဖြစ်ရပါသည်။ ဆရာကြီး၏ သမီး၊ သား၊ မြေး(ပဋ္ဌာန်းပါဠိရွတ်သော မြေးငယ်လေး) အားလုံးကလည်း သူတို့အဖေ၊ သူတို့အဘိုး ရွှင်ရွှင်လန်းလန်းရှိသည်ကြောင့် ဂီတအဖွဲ့ကို ကျေးဇူးစကားဆိုကြပါသည်။

“နောက်လည်း လာပေးပါနော်”ဟု ဆိုကြသည်။

ပြန်ခါနီး နောက်တစ်ကြိမ် ဆရာကြီးအားကန်တော့ကြရာ နိုင်ငံတော်ကအသစ်ထုတ်သော ကျပ်နှစ်သောင်းတန် ငွေစက္ကူအသစ်များကို လူစေ့တက်စေ့ ဝေငှဆုချပါသည်။ ကထိက ပတ္တလားဆရာမ ဒေါ်ခင်ခင်မြင့်သို့ ဆရာကြီး ယခင်ကတီးခတ်ခဲ့သော “ဗျပ်စောင်း” တစ်လုံးထုတ်လာပြီး ဖုန်သုတ်သန့်ရှင်းခိုင်းပါသည်။ “တီး၍ ဖြစ်လျှင် သုံးပါ” ဟုဆိုလာရာ “ဆိုင်း၊ ပတ္တလား၊ စောင်း” ရွှေတံဆိပ်ဆုရှင် ဒေါ်ခင်ခင်မြင့်ကလည်း ဝမ်းပန်းတသာ ကျကျနနထိုင်ပြီး ကြိုးများညှိလျက် ချက်ချင်း (၁၅ မိနစ်ခန့်အတွင်း) အသံစမ်းသည်။ ထို့နောက် ရွှေတံဆိပ်ဆုရှင်များဖြစ်သော ကထိကတေးသံရှင်များဖြစ်သည့် “ခိုင်ဇင်ရွှေ၊ သိမ့်သိမ့်ဆွေ”တို့က အဆိုဖြင့် စောင်းတော်သိင်္ဂါ (ကြိုး)၊

> **“တစ်ခုသော နေပြည်တော်ပွဲတစ်ခုတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က “ဆရာမကို ကြည့်ခိုင်းပြီး လိုအပ်တာလုပ်ပေးပါစေ”ဟု ဆရာကြီးဦးမြတ်သူက “မေတ္တာရွှေစောင်း ပဥ္စသိခ်” ဓမ္မရသဇာတ်ညွှန်းကြီးပေး၍ တာဝန်ပေးထားခဲ့ကြောင်း၊ ဝဇီရာရုံပြန်လည်ပြုပြင်မွမ်းမံပြီးပါက ဖွင့်ပွဲတွင် အနုပညာနှင့်ဆိုင်သော အဆောက်အအုံကြီးဖြစ်သည်နှင့် လိုက်လျောညီထွေ အနုပညာကဇာတ်တစ်ထုပ်အဖြစ် ဆရာကြီးရေးသားခဲ့ခြင်းဟု သိလိုက်ရပါသည်။ စာရေးသူအား ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်တွေ့ဆုံ၍လည်းကောင်း ဆရာကြီး လိုချင်သော “ဓမ္မရသ” ကို ပေါ်လွင်အောင်ကြီးကြပ်ပေးရန်စေခိုင်း”**

ဇမ္ဗူရောင်ကွန့်(စောင်းတော်ဘွဲ့)တို့ဖြင့် ကျေးဇူးတုံ့ပြန်ကြပါသည်။

စာရေးသူကလည်း ထုတ်ဝေခဲ့သော “အလှမြဲ၍ အမြဲလှသူ” ကဗျာစာအုပ်ပါ “ဘသက်ရှည်သို့ ပူဇော်ခြင်း” အမည်ရှိ တေးထပ်တစ်ပုဒ်ဖြင့် သီဆိုပူဇော်ခဲ့ပါသည်။ ထို့နောက် ဆရာကြီးက ဒေါ်ခင်ခင်မြင့်ကို ဗျပ်စောင်း “ယူသွားပေတော့”ဟု ဆုချခဲ့ပါတော့သည်။

ထို့နောက် နိုင်ငံတော်၏စာပေပွဲများ၊ ယဉ်ကျေးမှုပွဲများတွင် မကြာခဏ တွေ့ဆုံဂါရဝပြုခွင့်ရပါသည်။ ၂၀၂၅ ခုနှစ်၏ နေ့တစ်နေ့ (အမျိုးသားနေ့) နံနက် ၇:၀၀ နာရီခန့်တွင် ဆရာကြီး၏သမီးဖုန်းခေါ်လာပါသည်။ (အန်တီနွဲ့ ကွန်ကရက်ကျူလေးရှင်း၊ ကိုင်ထားပေးပါ အဖေကြီးပြောပါလိမ့်မည်။) ဟုဆို၍ ဟုတ်ကဲ့ဆိုပြီး ဖုန်းကို နားထောင်နေပါသည်။ တစ်ခုခုခိုင်းလျှင် ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

“ ဟော့ မနွဲ့ – ညည်း သေချာနားထောင်၊ ဒီနေ့ကြေးမုံသတင်းစာကို ငါဖတ်ပြမယ် “အလင်္ကာကျော်စွာဘွဲ့” ၁။ ရေနံ့သာဝင်းမောင် (ဂီတစာဆို)၊ ၂။ စန္ဒယားတင်ဝင်းလှိုင် (ဂီတပညာရှင်)၊ ၃။ ရေနံ့သာစိုးလှိုင် (အဆိုပညာရှင်)၊ ၄။ ရွှေကူနန်းနွဲ့နွဲ့ (မဟာဂီတအဆိုပညာရှင်)၊ ၅။ ဦးအောင်လွင် (ရုပ်ရှင်)၊ ၆။ ဦးတင်ယု (ဒါရိုက်တာ)။

“ညည်းတာဝန်တွေကြီးလာပြီ၊ တိုင်းပြည်အတွက် ကိုယ်စွမ်းသမျှလုပ်ပေတော့ သမီးရေ” ဟု ဖုန်းကို ချသွားပါသည်။ ကျွန်မမှာ ခြေလက်မသယ်ချင်လောက်အောင်အံ့အားသင့်ပြီး ရန်ကုန်မြို့ထဲနေ သမီးကို ဖုန်းဆက်၍ သတင်းစာဝယ်ခိုင်းပြီး ဝမ်းမြောက်ရပါတော့သည်။ ကျွန်မကို သမီးတစ်ယောက်ကဲ့သို့ ရင်းရင်းနှီးနှီးပြောဆိုလမ်းပြ၊ ခိုင်းစေတတ်ပါသည်။ ဝမ်းမြောက်ဖွယ်သတင်းကို ဦးဦးဖျားဖျားပေးလာသည့် ကျေးဇူးရှင်ကြီးပါ။

တစ်ခုသော နေပြည်တော်ပွဲတစ်ခုတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က “ဆရာမကို ကြည့်ခိုင်းပြီး လိုအပ်တာလုပ်ပေးပါစေ”ဟု ဆရာကြီး ဦးမြတ်သူက “မေတ္တာ ရွှေစောင်း ပဥ္စသိခ်” ဓမ္မရသဇာတ်ညွှန်းကြီးပေး၍ တာဝန်ပေးထားခဲ့ကြောင်း၊ ဝဇီရာရုံပြန်လည်ပြုပြင်မွမ်းမံပြီးပါက ဖွင့်ပွဲတွင် အနုပညာနှင့်ဆိုင်သော အဆောက်အအုံကြီးဖြစ်သည်နှင့် လိုက်လျောညီထွေ အနုပညာကဇာတ်တစ်ထုပ်အဖြစ် ဆရာကြီးရေးသားခဲ့ခြင်းဟု သိလိုက်ရပါသည်။ စာရေးသူအား ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်တွေ့ဆုံ၍လည်းကောင်း ဆရာကြီး လိုချင်သော “ဓမ္မရသ”ကို ပေါ်လွင်အောင်ကြီးကြပ်ပေးရန် စေခိုင်းပါသည်။ လင်္ကာကဗျာများ၊ တေးသီချင်းများ၊ ဂီတတွဲဖက်မှုများဖြင့် “ဓမ္မရသ”လည်းပေါ်လွင်စေ၊ ခေတ်စနစ်၊ လူငယ်တို့လည်း ကြိုက်နှစ်သက်စေရန် ယဉ်ကျေးမှုဝန်ကြီးဌာန ထုတ်လုပ်မှုပညာရှင်များနှင့် ညှိနှိုင်းပြီး ဇာတ်ကို ခမ်းခမ်းနားနား ကြိုးကြိုးစားစား ဆောင်ရွက်နေဆဲ ဇာတ်တိုက်၍အပြီး အစမ်းကပြမည့်အခြေအနေတွင် ဆရာကြီးမှာ အမှတ်(၂) စစ်ဆေးရုံ၌ ဇရာ၏နောက်ဆုံးတိုက်ပွဲကို ဆင်နွှဲနေရရှာပေပြီ။

အခြေအနေကိုရိပ်မိနေသော သားသမီးများနှင့် ကျွန်မတို့မှာ နောက်ဆုံးဆုတောင်းမပြည့်လိုက်တော့ဘဲ လက်လျှော့လိုက်ရပါသည်။

“ငါနှင့် ငါ့မိဖုရားများ မကောင်းလျှင်လည်း ရေးသာရေးပါ”ဟု မင်းတုန်းမင်းကြီးက ထိုခေတ်သတင်းစာဆရာကြီး “ဘိုးဝဇီရ”ကို ပြောခဲ့သည့် ရာဇဝင်တွင်သောစကားကဲ့သို့ ပြည်သူ့မျက်နှာသာ အစဉ်တစိုက်ကြည့်ရှုရပ်တည်ခဲ့သော သတင်းသမားစစ်စစ်ကြီး ဘသက်ရှည် ဆရာကြီးတက္ကသိုလ်မြတ်သူအား ဤဆောင်းပါးဖြင့် ကန်တော့ပါသည်။

ရောက်ရာဘုံဘဝမှ သာခုခေါ်နိုင်ပါစေသော်...

**(မေတ္တာရွှေစောင်း ဇာတ်ဝင်တေး)**

**“ ပဥ္စသိခ် စိတ်ကူးထဲက သူရိယဝစ္ဆသာ ”**

(၈၀)ပေါ်တေးထပ် ( ရွှေကူနန်းနွဲ့နွဲ့)

ပုလဲမှုံထုံတျာပွင့်
ကျူးသီဖွင့်လက်ကုန်
အထူးရည်လျက် ဖွဲ့ပုံမှာ
သူရိယဝစ္ဆသာ အလှမျိုး။ ။
ငါးမာန်ကိုးတဲ့ မြတ်နိုးဖွယ်ရာ
ဆ,တိုးတွယ်တာ ချစ်မေတ္တာကဖြိုး။ ။
သူရိယဝစ္ဆသာ
အလှမှာ မာန်ကိုး
တုံ့မေတ္တာ မောင်ရနိုးနှင့်
ရက်တွေတိုးမြင့်ကြာ
မေတ္တာမှာ သစ္စာပေါင်း၊ မောင့်ရွှေစောင်း၊ ပျောင်းနွဲ့သံသာ။
သူရိယဝစ္ဆသာရေ (ချစ်နှမနတ်ကလျာရေ)
ချစ်သဒ္ဒါပဟုန်တွေ့
လှစ်ဟခါခါဘုံဓလေ့မို့
ဂုဏ်မဟော့မူရာ

– တူစုံမွေ့ဖို့ ယနေ့မကြာ
ချစ်တေးထံတျာ သီဦးစို့လေ။
– ဗေလုဝစောင်းသံသာမှာ
နှမ ကလျာ ရွှေနားစွင့်လေ။
– မောင့်ချစ်စကား လက်ဖျားမှာလျှင်
တေးသွားလွင်လွင် နားဆင်ကွဲ့လေး။ ။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀ အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည် -

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## တနိုင်းမြို့ နှစ်ခြင်းခရစ်ယာန်အသင်းတော်အတွက် အလှူငွေများပေးအပ်

**မြစ်ကြီးနား ဩဂုတ် ၈**

ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး အတွက် ဘာသာရေး အဖွဲ့အစည်းများ အနေဖြင့် ဒေသခံပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ဆောင်လာစေရေး ဝိုင်းဝန်းကြိုးစားပေးရန် လိုအပ်ကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တနိုင်းမြို့ နှစ်ခြင်းခရစ်ယာန် အသင်းတော်မှ သိက္ခာတော်ရဆရာများ၊ အသင်းတော်တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းက တနိုင်းမြို့ နှစ်ခြင်းခရစ်ယာန် အသင်းတော်ရုံး၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အသင်းတော်အတွက် အလှူငွေများနှင့် ဘုရားကျောင်းသစ် ဆောက်လုပ်နေမှုအတွက် အလှူငွေများ ပေးအပ်ပြီး ဘာသာရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့အတူ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(တနိုင်း) ရိပ်သာ ဧည့်ခန်းမဆောင်၌ တနိုင်းမြို့နယ်အတွင်းရှိ ခရစ်ယာန် အသင်းတော်များမှ ဘာသာရေးခေါင်းဆောင်များနှင့်လည်းကောင်း၊ ဖားကန့်မြို့နယ် လဝါးကျေးရွာနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဒေသခံပြည်သူများနှင့်လည်းကောင်း တွေ့ဆုံ၍ ဘာသာရေးခေါင်းဆောင်များအား အလှူငွေ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေနှင့် ဆရာဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် တနိုင်းမြို့ နံနက်စျေးအတွင်း ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ငါး၊ ငါးခြောက်များ ရောင်းချနေမှု၊ ကုန်စျေးနှုန်းအတက်အကျနှင့် ရောင်းဝယ်ဖောက်ကားမှုအခြေအနေများကိုမေးမြန်း၍ ဒေသထွက်ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

## အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)၌ ယမန်နေ့က မိုးရာသီဘာသာရပ်ပေါင်းစုံ အမျိုးသားအမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲ စတင်ကျင်းပခဲ့ကြောင်း သိရသည်။ သက်မောင်(ကျောက်ဆည်)



## ပြင်ဦးလွင်မြို့၌ မေရှိုးမန်း သယ်ယူပို့ဆောင်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**ပြင်ဦးလွင် ဩဂုတ် ၈**

ပြင်ဦးလွင်မြို့၌ မေရှိုးမန်း သယ်ယူပို့ဆောင်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အမှုဆောင် ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၇ ရက်က မြမာလာဓမ္မာရုံခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းလီမိတက်ဥက္ကဋ္ဌ ဦးဗိုလ်ဝင်းနှင့် ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှူးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများကို ဖတ်ကြားတင်ပြကာ ဒါရိုက်တာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များနှင့် စာရင်းစစ်အစီရင်ခံစာကို အသင်းစာရင်းစစ်က ဖတ်ကြားတင်သွင်း၍ အသင်းသားများထံမှ အတည်ပြုချက်ရယူပြီး အမှုဆောင်ဒါရိုက်တာသစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရန်ကုန်တိုင်းဒေသကြီး လေးထောင့်ကန်ငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုး သားဖောက်ခြင်း နည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် လေးထောင့်ကန် ငါးလုပ်ငန်းစခန်း၌ ကျင်းပရာ နည်းပြများက သင်တန်းသားသင်တန်းသူ ၃၃ ဦးအား ဩဂုတ် ၇ ရက်မှ ၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။



ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း ဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် ငါးသားဖောက်ရုံ၊ ငါးနှင့်ပုစွန်များပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

ဖွဲထက်ကို(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်၌ ရေဝင်ရောက်သဖြင့် ယာယီနေအိမ်စွန့်ခွာပြည်သူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ငွေကျပ် ၁၅၆၅၀၀၀ ထောက်ပံ့ပေးအပ်

မုံရွာ ဩဂုတ် ၈

စစ်ကိုင်း တိုင်းဒေသကြီး ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်၌ ရေဝင်ရောက်သဖြင့် ယာယီနေအိမ်စွန့်ခွာ ပြည်သူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေး ဦးစီးဌာနက ထောက်ပံ့သည့် ငွေကျပ် ၁၅၆၅၀၀၀ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည်။

ယမန်နေ့ နံနက်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကန့်ဘလူခရိုင် ကျွန်းလှမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုကြပြီး ရေများဝင်ရောက်နေသည့် သစ်ရာမြိုင်ရပ်ကွက်ရှိ ယာယီနေအိမ်စွန့်ခွာ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်



ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျွန်းလှမြို့ပေါ်ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ ရပ်ကွက်များအတွင်း ရောက်ရှိနေသည့် မိုးရေများအား ရေစီးဆင်းမှုကောင်းမွန်စေရန်အတွက် ရပ်ကွက်နေပြည်သူများ အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့ပြင် အစိုးရ စက်မှု၊ လက်မှုသိပ္ပံ(ကန့်ဘလူ)၌ ကျောင်းသားကျောင်းသူများ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုအခြေအနေနှင့် သင်တန်းခန်းမအတွင်း သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောင်းဆောင်ကြံ့ခိုင်မှုနှင့် စာကြည့်တိုက်တို့အား လိုက်လံကြည့်ရှု စစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်မြို့ရှိဈေးများ သန့်ရှင်းကောင်းမွန်စေရေး ကြည့်ရှုစစ်ဆေး

မြိတ် ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမင်းမင်းလတ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၇ ရက် နံနက်ပိုင်းက မြိတ်မြို့ရှိဈေးများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးကော်မတီတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ဆိပ်ငယ်ရပ်ကွက်ရှိ စည်ပင်သာယာဈေးကြီးတွင် ဈေးရုံဆိုင်ခန်းများအလိုက် ရောင်းချနေမှုအခြေအနေများနှင့် ဈေးရုံတည်ဆောက်ထားမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဈေးကော်မတီရုံးခန်းတွင် ဈေးကော်မတီဝင်များအား တွေ့ဆုံ၍ ဈေးသူ ဈေးသားများ၏ လိုအပ်ချက်များ၊ ဈေးရုံနှင့်အမိုးပြုပြင်ရန် လိုအပ်မှုများကို ဆွေးနွေးကြသည်။

ဆက်လက်၍ မြိတ်တောင်ရပ်ကွက်ရှိ သီဟဓေယျာဈေး၊ ပါရမီရပ်ရှိ သီရိမင်္ဂလာဈေးနှင့် ကလွင်ကျေးရွာရှိ ဦးနီတိုးဈေးတို့သို့ သွားရောက်၍ ဈေးရုံများအား ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဖလမ်းမြို့ ဒေသခံနေအိမ်များ ပြန်လည်ပြုပြင်ရန် ဘီလပ်မြေ၊ သွပ်နှင့် သွပ်ရိုက်သံများ ထောက်ပံ့



ဖလမ်း ဩဂုတ် ၈

ချင်းပြည်နယ် ဖလမ်းမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက် ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံနေအိမ်များ ပြန်လည်ပြုပြင်ရန် ဘီလပ်မြေ၊ သွပ်နှင့် သွပ်ရိုက်သံများကို ပျက်စီးဆုံးရှုံးမှုအလိုက် ထောက်ပံ့ပေးလျက်ရှိသည်။

ထို့ပြင် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုအားပေးသည်။

အလားတူ ရှုခင်းသာလမ်းနှင့် ကြွန်ဘိခ် လမ်းတစ်လျှောက် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ လွှပ်လပ်ရေး ဆုတောင်းပြည့်စေတီနှင့် မဟာဗောဓိညောင်ပင်စေတီတော် ပရိဝုဏ်အတွင်းနှင့် စေတီပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြုပြင်နေမှုကို ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသည့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများအား မုန့်နှင့် အချိုရည်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒလမြို့နယ်၌ မိခင်နို့စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် မိခင်နို့စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းဝင်းက ကျန်းမာရေးအသိပညာပေးဟောပြောပြီး အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ညိုညိုဝင်းက ကိုယ်ဝန်ဆောင်မိခင်များအား မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် ဉာဏ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်သောအနာဂတ်လူရည်ချွန်၊ လူရည်မွန်များ ပေါ်ထွက်စေရန် အခြေခံကျသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုထွေးနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် ကြက်ဥ၊ ငှက်ပျောသီး၊ အိုင်အိုဒင်းဆားများ ပေးအပ်ပြီး ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ခန္ဓာကိုယ်ဖွံ့ဖြိုးရေးအတွက် ဗီတာမင်-A တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **ခင်စန္ဒာမြင့်( ပြန်/ဆက်)**



# တိုက်ကြီးမြို့နယ်၌ မူးယစ်ဆေးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၈

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အခြေခံပညာအထက်တန်းကျောင်း(မြို့မ)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က အီးစီးကရက်



နှင့် Vape သုံးစွဲခြင်း၏ ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒေါက်တာ သိန်းဇော်လတ်နှင့် ကျန်းမာရေး ဆရာမများက ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲခြင်းကြောင့် အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ဆိုင်ရာ ထိခိုက်မှုများ၊ မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့ကို ဘက်ပေါင်းစုံမှ ဆိုးရွားစွာ ထိခိုက်စေနိုင်ပုံတို့ကို အသိပညာပေးဟောပြောကာ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘောလုံးတစ်လုံးက မောင်းနှင်သော ခရီးသွားစီးပွားရေး

စည်သူကျော်

ကမ္ဘာတစ်ဝန်းတွင် လူသားသန်းပေါင်းများစွာ၏ နှလုံးသားကို အချိန်ကာလတစ်ခုအတွင်း တစ်ပြိုင်နက်တည်း လှုပ်ရှားစေနိုင်သည့် အရာတစ်ခုရှိပါက ယင်းမှာ ဘောလုံးတစ်လုံးပင်ဖြစ်ပေလိမ့်သည်။

ဘောလုံးအားကစားနည်းသည် ကမ္ဘာပေါ်တွင် လူထုလူတန်းစား မရွေး ကြိုက်နှစ်သက်သော အားကစားနည်းတစ်ရပ်ဖြစ်သည်ဟုဆို သော် လွန်အံ့မထင်။ ဘောလုံးအားကစားနည်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်မကစားစေကာမူ ကြည့်ရှုအားပေးရသည်ကို နှစ်သက်သော ပရိသတ်တို့သည်လည်း ဒုနှင့်ဒေးပင်။ နိုင်ငံအလိုက်၊ သက်တမ်းအလိုက် စသည်ဖြင့် ကျင်းပသောဘောလုံးပြိုင်ပွဲများအနက် လေးနှစ်တစ်ကြိမ် ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (FIFA World Cup) သည် လူစိတ်ဝင်စားမှုအများဆုံးနှင့် ကြည့်ရှုအားပေးမှုအများဆုံးဟုဆိုရ မည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပါသည်။

ဘောလုံးနှင့်ပတ်သက်၍ ခပ်စိမ်းစိမ်းနေသူများပင် ကမ္ဘာ့ဖလား ပြိုင်ပွဲကာလရောက်ချိန်တွင် မသိမသာရော သိသိသာသာပါ ဘောလုံး ကို ငံ့စောင်းကြည့်တတ်ကြသည်။ ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် မည်သည့်အသင်းက သတ်မှတ်ခံရမလဲ။ မည်သည့်ဘောလုံးသမား ကတော့ဖြင့် ထင်ပေါ်၍ စင်တော်ကကောက်မလဲ။ မည်သည့်နာမည်ကြီး အသင်း မြင်းကောင်းခွာလိပ်ဖြစ်မလဲ စသည် စသည်ဖြင့် စောကြော ကြသည်။ ဆိုရသော် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းကြီးတစ်ခုဖြစ်ပေသည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သော အသင်းများသာမက ကမ္ဘာ့ဘောလုံးဝါသနာအိုးများအတွက်ပါ ပျားရည် ဆမ်းကာလကြီးပင်ဖြစ်တော့သည်။

ယခုအချိန်တွင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး သည် အောင်မြင်စွာပြီးမြောက်ခဲ့လေပြီ။ ယခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကြီးသည် ထူးခြားမှုများနှင့်ပြည့်နှက်နေသော ပြိုင်ပွဲကြီးဟု ဝေဖန်သုံးသပ်ချက်များထွက်ပေါ်ခဲ့ပြီး ပွဲမဝင်ခင်ကပင် ပြင်ပ၌ ဂယက် အမျိုးမျိုးထနေခဲ့သည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး သည် ကျင်းပခဲ့သမျှ ကမ္ဘာ့ဖလားပြိုင်ပွဲများအနက် အကြီးကျယ်ဆုံး သော ပြိုင်ပွဲကြီးဖြစ်သည်ဟု တာဝန်ရှိသူများက ကြွေးကြော်ခဲ့ကြသည်။

ထိုသို့ကြွေးကြော်ရလောက်အောင်လည်း ယခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲကို နိုင်ငံသုံးနိုင်ငံခွဲ၍ ကျင်းပခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့၌ ယှဉ်ပြိုင်ရသော ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးတွင် အသင်းအရေအတွက် ၄၈ သင်းအထိပါဝင်ပြီး ကစားပွဲ ပေါင်း ၁၀၀ ကျော်၊ တိတိကျကျဆိုရပါက ၁၀၄ ပွဲတိတိ ယှဉ်ပြိုင် ကစားခဲ့ကြသည်။

နိုင်ငံသုံးနိုင်ငံရှိ မြို့ပေါင်း ၁၆ မြို့၌ လက်ခံကျင်းပခဲ့သော ကမ္ဘာ့ ဖလား ဘောလုံးပြိုင်ပွဲများသည် အမေရိကန်ပြည်ထောင်စုတစ်ခုတည်း တွင်ပင် မြို့ပေါင်း ၁၁ မြို့၌ ကစားပွဲများ လက်ခံကျင်းပခဲ့ပါသည်။ ယင်းသို့ ကမ္ဘာတစ်ဝန်းမှ အာရုံစိုက်စောင့်စားကြည့်ရှုရသော လေးနှစ် တစ်ကြိမ် အားကစားပွဲကြီးသည် လက်ခံကျင်းပသော နိုင်ငံများအတွက် မည်သို့သော အကျိုးကျေးဇူးများ ရရှိကြပါသနည်း။

**အားကစားခရီးသွားလုပ်ငန်း၏**
**အောင်မြင်သော ပြယုဂ်တစ်ခုဖြစ်**

ခရီးသွားလုပ်ငန်းရှုထောင့်မှ လေ့လာကြည့်မည်ဆိုပါက ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲသည် အားကစားခရီးသွားလုပ်ငန်း (Sport Tourism) ၏ အောင်မြင်သော ပြယုဂ်တစ်ခုဖြစ်ပါသည်။ အားကစား ခရီးသွားလုပ်ငန်းဆိုသည်မှာ အားကစားပြိုင်ပွဲတစ်ခုခုကို ပါဝင် ယှဉ်ပြိုင်ရန်၊ ကြည့်ရှုအားပေးရန်၊ ယင်းအားကစားနှင့်ဆက်စပ်သော အတွေ့အကြုံ ဗဟုသုတ၊ သတင်းအချက်အလက်များကို ရယူရန်၊ မျှဝေတင်ဆက်ရန်အတွက် သွားလာသောခရီးသွားလုပ်ငန်းပုံစံတစ် ခု ပင်ဖြစ်ပါသည်။

ထို့အပြင် အားကစားပြိုင်ပွဲများ ပါဝင်ဆင်နွှဲအားပေးကြည့်ရှုခြင်း သာမက အိမ်ရှင်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သဘာဝအလှအပများ နှင့် ခရီးသွားဆွဲဆောင်မှုများကိုပါ လေ့လာကြည့်ရှုနိုင်သည့် အခွင့်အလမ်း များမြှင့်တင်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်း၏ သွင်ပြင်လက္ခဏာကို ပိုမိုပေါ်လွင်စေမည်ဖြစ်ပါသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပသောနိုင်ငံများသို့ ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံအသီးသီးမှ အားကစားသမားနှင့် နည်းပြအဖွဲ့ဝင်များ၊ ဆေးအဖွဲ့ (Medical Team)၊ အုပ်ချုပ်ထောက်ပံ့သူများ ပါဝင်လာခဲ့ကြမည်ဖြစ်သည်။

နိုင်ငံပေါင်းများစွာမှ အားကစားဝါသနာရှင်များ၊ နိုင်ငံအသင်းကို လိုက်ပါအားပေးသော ပရိသတ်များ၊ နိုင်ငံအကြီးအကဲများ၊ ထင်ရှား ကျော်ကြားသူများ၊ မိမိချစ်ခင်နှစ်သက်သော အားကစားသမားကို လိုက်ပါကြည့်ရှုအားပေးသော ပရိသတ်များ၊ သတင်းမီဒီယာများ စသည်ဖြင့် များစွာသောခရီးသွားဧည့်သည်များ ရောက်ရှိလာမည်ဖြစ်ပါ သည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ တည်းခိုနေထိုင် ရေးလုပ်ငန်းများ၊ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းများ၊ အားကစားနှင့်ပတ်သက်သော အမှတ်တရပစ္စည်းထုတ်လုပ်ရောင်းချ သည့်လုပ်ငန်းများ၊ အားကစားပစ္စည်းထုတ်လုပ်ရောင်းချသည့် လုပ်ငန်း များသည် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးကိုအမှီပြု၍ ဝင်ငွေအမြောက်အမြား ရရှိမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

**အားကစားနှင့်ခရီးသွားပေါင်းစပ်ခြင်းမှ**
**ခရီးသွားလုပ်ငန်းဝင်ငွေကို ခံစားရရှိ**

အထက်တွင် တင်ပြခဲ့သကဲ့သို့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသည် နိုင်ငံသုံးနိုင်ငံရှိ မြို့ကြီး ၁၆ မြို့တွင် ကျင်းပသည့်အပြင် ပြိုင်ပွဲဝင်အသင်းတိုးပွားလာခြင်း၊ ပြိုင်ပွဲဝင်အသင်းတိုးပွားလာခြင်း နှင့်အတူ ယှဉ်ပြိုင်ကစားရမည့် ပွဲအရေအတွက်လည်း တိုးပွားလာရာ အားကစားနှင့်ခရီးသွားပေါင်းစပ်ခြင်းမှ အိမ်ရှင်နိုင်ငံအသီးသီးတို့သည် ခရီးသွားလုပ်ငန်းဝင်ငွေကို ခံစားရရှိကြမည်ဖြစ်ပါသည်။

ယင်းတို့အနက်မှ မြို့ကြီး ၁၁ မြို့တွင် ပွဲပေါင်း ၇၈ ပွဲကို လက်ခံ ကျင်းပမည့် အမေရိကန်ပြည်ထောင်စုသည် ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်များစွာရရှိနိုင်ရန် မျှော်လင့်ခဲ့သည်။ အမေရိကန်သည် လေးနှစ်မှတစ်ကြိမ်ကျင်းပသော ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ခရီးသွား ဧည့်သည် ၁ ဒသမ ၂ သန်းလာရောက်မည်ဟု ခန့်မှန်းခဲ့ပြီး အမေရိကန် ပြည်ထောင်စု၏ တင်းကျပ်သောပြည်ဝင်မှုဝါဒကြောင့် ၂၀၂၅ ခုနှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှု ၆ ဒသမ ၃ ရာခိုင်နှုန်းလျော့နည်းကျဆင်း မှုကို ကမ္ဘာ့ဖလားဖြင့် ပြန်လည်ကုစားနိုင်မည်ဟု မျှော်လင့်ခဲ့ပေသည်။

ကမ္ဘာ့ဖလားပွဲမတိုင်မီ စီဘီအက်စ်သတင်းဌာန၏ ဖော်ပြချက်အရ ကမ္ဘာ့ဖလားပြိုင်ပွဲများကို လက်ခံကျင်းပမည့် အမေရိကန်ပြည်ထောင်စု ရှိ မြို့အသီးသီးသည် ရုတ်ခြည်းဧည့်သည်ဝင်ရောက်မှု မြင့်တက်လာ သည့်အခြေအနေကို ကိုင်တွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဖလားခရီးသွားများအနေဖြင့် ပျမ်းမျှနေထိုင်ရက် (Average Length of Stay) ၁၂ ရက်ရှိမည်ဟု ခန့်မှန်းထားကာ တစ်နေ့ ပျမ်းမျှ အသုံးစရိတ် (Average Daily Expenditure) သည် အမေရိကန် ဒေါ်လာ ၄၀၀ ခန့်ရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားကြသည်။ ထို့ကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၂၀၂၆ သည် အမေရိကန်နိုင်ငံ အတွက် ဒေါ်လာဘီလီယံပေါင်းများစွာ ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်း ကြီးဖြစ်ခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ ယှဉ်ပြိုင်ရာနေရာများသည် နိုင်ငံ သုံးနိုင်ငံရှိ မြို့ကြီးများတွင် ဖြန့်ကြက်လျက်ရှိရာ ရွှေ့ပွဲလာခရီးသွား များအနေဖြင့် လေကြောင်းခရီးစဉ် စျေးနှုန်းကြီးမြင့်မှုများနှင့် ကြုံတွေ့ ရနိုင်ပါသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုရှိ Kansas City နှင့် မက္ကဆီကိုရှိ Monterrey နှင့် Guadalajara မြို့တို့သည် ခရီးသွား လုပ်ငန်းတွင် အလယ်အလတ်အဆင့် စျေးကွက်သာရှိသော မြို့များ ဖြစ်သည့်အတွက် တည်းခိုနေထိုင်ရေးနှင့်ပတ်သက်၍ ကန့်သတ်ချက် များရှိသကဲ့သို့ မူလစျေးနှုန်းထက်ကြီးမြင့်သော ဟိုတယ်အခန်းခ စျေးနှုန်းများဖြစ်ပေါ်လာနိုင်သည်ကို ခရီးသွားလုပ်ငန်း၏ စီးပွားရေး အရ သက်ရောက်မှုအနေဖြင့် မျှော်လင့်ထားရမည်ဖြစ်ပါသည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုရှိ Los Angeles, New York and Miami ကဲ့သို့သော မြို့ကြီးများတွင် တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်အခန်းများ လုံလောက်အောင်ရှိနေမည်ဖြစ်သော်လည်း ကာလ ရှည်ကြာသည့် ကမ္ဘာ့ဖလားပွဲကာလအတွင်း စျေးနှုန်းကြီးမြင့်သော ဟိုတယ်ကြီးများတွင် တည်းခိုရန်မှာ ခရီးသွားဧည့်သည်များအတွက် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ခရီးသွားလုပ်ငန်း နယ်ပယ်တွင် အောင်မြင်ဖွံ့ဖြိုးနေသော နိုင်ငံများဖြစ်သည့်အားလျော် စွာ ခရီးသွားလုပ်ငန်းမှဝင်ငွေကို မည်သို့ရရှိအောင် ဆောင်ရွက်ရမည် ကို ကျွမ်းကျင်လိမ္မာစွာ လုပ်ဆောင်နိုင်သည့်အတိုင်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ လက်ခံကျင်းပသည့် မြို့များမဟုတ်သော်လည်း ပြိုင်ပွဲကျင်းပရာ မြို့များသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်သည့် ကြားခံမြို့များကို အခြေခံထားသောခရီးစဉ်များ (FIFA Mobility Package) များကို ရေးဆွဲရောင်းချပေးသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲများ လက်ခံကျင်းပရာမြို့တစ်မြို့နှင့် တစ်မြို့ သို့ လွယ်ကူစွာချိတ်ဆက်သွားလာနိုင်မှု၊ ခရီးသွားလာချိန်တိုတောင်းမှု၊ ဟိုတယ်အခန်းလွယ်ကူစွာရရှိနိုင်မှု၊ သင့်တင့်သောနှုန်းထားများဖြင့် ဝန်ဆောင်မှုများရရှိနိုင်မှုတို့ကြောင့် ခရီးသွားဧည့်သည်များအတွက် အဆင်ပြေသလို အဆိုပါမြို့များအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲများကို လက်ခံကျင်းပခွင့်မရရှိစေကာမူ စီးပွားရေးအခွင့်အလမ်းရရှိမှုတွင် ပါဝင်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အားကစားခရီးသွားလုပ်ငန်း၏ အောင်မြင်သော ပြယုဂ်တစ်ခုဖြစ်သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကြီးသည် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆက်နွှယ်နေသူများအတွက် စီးပွားရေးအရ အခွင့်အလမ်းကောင်းဖြစ်သကဲ့သို့ အများပြည်သူ သွားလာမှု အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် အခြေခံ အဆောက်အအုံများ အဆင့်မြှင့်တင်ဆောင်ရွက်ရသဖြင့် လူနေမှုအဆင့် အတန်း ပိုမိုမြင့်မားလာခြင်းကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

- ❖ **အားကစားခရီးသွားလုပ်ငန်း၏ အောင်မြင်သော ပြယုဂ်တစ်ခုဖြစ်သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးသည် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆက်နွှယ်နေသူများအတွက် စီးပွားရေးအရ အခွင့်အလမ်းကောင်းဖြစ်သကဲ့သို့ အများပြည်သူ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ဆောင်ရွက်ရသဖြင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာ**
- ❖ **စီးပွားရေးအပိုင်းတွင် ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များမှအစ အလယ်အလတ်အဆင့် ဟိုတယ်များ၊ ကာလတို ငှားရမ်းနေထိုင်ရာနေရာများ၊ လမ်းဘေးစားသောက်ဆိုင်များ၊ ဘားနှင့်ကဖေးများအထိ စီးပွားရေးအရ အကျိုးအမြတ် သက်ရောက်မှုရှိ**

စီးပွားရေးအပိုင်းတွင် အထက်တွင်ရေးသားဖော်ပြသကဲ့သို့ ဟိုတယ် ကြီးများ၊ စားသောက်ဆိုင်များမှအစ အလယ်အလတ်အဆင့် ဟိုတယ် များ၊ ကာလတို ငှားရမ်းနေထိုင်ရာနေရာများ၊ လမ်းဘေးစားသောက် ဆိုင်များ၊ ဘားနှင့်ကဖေးများအထိ စီးပွားရေးအရ အကျိုးအမြတ် သက်ရောက်မှုရှိနေပေသည်။

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် အမေရိကန်ပြည်ထောင်စု ၏ ဂျီဒီပီကို ဒေါ်လာ ၁၇ ဒသမ ၂ ဘီလီယံခန့်ထည့်ဝင်နိုင်မည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းကြသည်။ အလုပ်အကိုင်အားဖြင့် လည်း ကမ္ဘာ့ဖလားပြိုင်ပွဲကြီးသည် တစ်ကမ္ဘာလုံးအတိုင်းအတာ အနေဖြင့် အလုပ်အကိုင်ပေါင်း ၈၂၄၀၀၀ ကိုဖန်တီးပေးနိုင်မည်ဖြစ်ကာ အမေရိကန်ပြည်ထောင်စုတစ်ခုတည်းတွင်ပင် အလုပ်အကိုင်ပေါင်း ၁၈၅၀၀၀ ရရှိစေမည်ဖြစ်ပါသည်။

ဧည့်ဝန်ဆောင်မှု၊ ဆောက်လုပ်ရေးစသည့် လုပ်ငန်းကဏ္ဍများ အပေါ် အားကစားခရီးသွားလုပ်ငန်း၏ သက်ရောက်မှုကားကြီးမားလှ သည်။ ထို့အပြင် အစားအသောက်နှင့် အဖျော်ယမကာထုတ်လုပ် ရောင်းချမှု၊ Airbnb ဟုခေါ်သော အသေးစားတည်းခိုနေထိုင်ရေး လုပ်ငန်းများအထိပါ အကျိုးသက်ရောက်မှုရှိနေခြင်းက အားကစားခရီး သွားလုပ်ငန်း၏ Ripple Effect ကြီးမားမှုကို သက်သေထူနေပေသည်။ အားကစားပရိသတ်များ၏ အောင်ပွဲခံကျင်းပမှု Fan Festival များက လည်း အားကစားခရီးသွားလုပ်ငန်း၏ ဝင်ငွေကို တိုးတက်စေပါ သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးသည် စီးပွားရေးအရ အကျိုး အမြတ်ကစားပွဲကြီးဖြစ်သကဲ့သို့ ယဉ်ကျေးမှုတို့ပေါင်းစုံရာ မျှဝေ တင်ဆက်ရာနေရာလည်းဖြစ်သည်။ ဘရာဇီးဘောလုံးအသင်းကို ဆမ်ဘာအကဖြင့် တင်စားခေါ်ဝေါ်ကြသကဲ့သို့ ဂျပန်အသင်းကိုလည်း ဆာမူရိုင်းများဟု တင်စားခေါ်ဝေါ်ကြသည်။ နော်ဝေအသင်း၏ ဗိုက်ကင်းပုံစံအောင်ပွဲခံခြင်းတို့ကို ထောက်ရှုခြင်းအားဖြင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးသည် ယဉ်ကျေးမှုများဖလှယ်ရာ၊ အားကစားကို အခြေခံသော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့ကို တည်ဆောက်ရာ ပလက်ဖောင်းကြီးတစ်ခုလည်း ဖြစ်နေပေသည်။

စာမျက်နှာ ၁၂ သို့ ❂



## မြောက်ဥက္ကလာပမြို့နယ်၌ သုခမ္မာရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ သုခမ္မာရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်အသင်းစုရုံး၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာမွန်က ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့မှဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအတွင်းရေးမှူး ဦးအောင်ရဲဝင်းက ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များရယူသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၄၉ ဦး တက်ရောက်ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်တွင် ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ဒဂုံမြို့နယ် ကျောက်စိမ်းတွင်းဓမ္မာရုံခန်းမ၌ ကျင်းပသည်။



ဦးစွာ ဗန်းမော်အသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌ ဒေါ်ရီရီဝေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က တက်ရောက်လာကြသည့် ပြည်သူများကို အားပေးစကားပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၇၇၄ စု အတွက် တစ်အိမ်ထောင်လျှင်ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၇၇၄ သိန်းကို ပြည်နယ်လူမှုရေးရာဝန်ကြီးက ပေးအပ်သည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ဇနီး မိသားစုက ကျောင်းသုံးပစ္စည်းများအတွက် လှူဒါန်းငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ ကဘာဒီအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဦးသန့်ကိုဝင်းက ကျောင်းသုံးပစ္စည်းများအတွက် လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ဗန်းမော်ခရိုင်စားအုန်းဆီ လုပ်ငန်းရှင် ဦးမြဝင်းထွန်းက ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ စားအုန်းဆီဘူးများ၊ ဗန်းမော်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒေါ်ရီရီဝေက တရားစာအုပ်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်းပြည့်(ပြန်/ဆက်)**



## အုတ်ဖိုမြို့၌ ဆီ၊ သားငါးနှင့် စားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

အုတ်ဖို ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆီ၊ သားငါးနှင့် စားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေးခြင်းကို အုတ်ဖို(အထက)ဝင်းရှေ့၌ ယနေ့နံနက်ပိုင်းက ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် ဆီတစ်ပိဿာ ငွေကျပ် ၇၉၇၀၊ အသားတိုးကြက်အသားဈေး တစ်ပိဿာ ငွေကျပ် ၂၄၀၀၀/အကောင်ဈေး ငွေကျပ် ၂၁၀၀၀/အရိုးဈေး ငွေကျပ် ၁၆၀၀၀၊ တိုင်းရင်းကြက်အသားဈေး တစ်ပိဿာ ငွေကျပ် ၂၈၀၀၀/အကောင်ဈေး ငွေကျပ် ၂၄၀၀၀/အရိုးဈေး ငွေကျပ် ၁၈၀၀၀၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၂၀၀၀၀၊ အမဲသား တစ်ပိဿာ ငွေကျပ် ၁၉၀၀၀၊ ဆိတ်သား တစ်ပိဿာ ငွေကျပ် ၂၃၀၀၀၊ ငါး တစ်ပိဿာ ငွေကျပ် ၈၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၅၅၀ နှုန်းတို့ဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါရောင်းချပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးဇော်ထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**



## ပခုက္ကူမြို့နယ်၌ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ပခုက္ကူ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ကုက္ကိုလ်လှကျေးရွာအနီးရှိ ပေါက်အင်းတာပေါင် ပုံစံကျမြေဖို့ခြင်း(အလျား ပေ ၉၀၀၀၊ အကျယ် ၁၅ ပေ)နှင့် အင်းပတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်း(အလျား ပေ ၁၆၀၀၊ အကျယ် ၁၅ ပေ၊ ဒု ခြောက်လက်မ)လုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦးက ဩဂုတ် ၈ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်ဇာဇာဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန် ဩဂုတ် ၈

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၁၀ မြို့နယ်မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## မလှိုင်မြို့နယ် အခြေခံပညာကျောင်းများ၌ ငှက်ပျောပင်များစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြီးကြပ်

မလှိုင် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များသည် ဩဂုတ် ၈ ရက်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ငှက်ပျောပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ထပ်မံစိုက်ပျိုးမည့် အခြေအနေများကို ကွင်းဆင်းကြီးကြပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်မင်း(မလှိုင်)**

❂ စာမျက်နှာ ၁၁ မှ

### ခရီးသွားလုပ်ငန်းကိုမောင်းနှင်သော အင်ဂျင်တစ်ခုလည်းဖြစ်

ထို့ကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ကမ္ဘာလုံးဆိုင်ရာ ဖြစ်စဉ် (Global Phenomenon) အဖြစ် ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပါသည်။ ကမ္ဘာ့ဖလားပွဲသည် အားကစားတစ်ရပ်၏ ပွဲတော်သာမက ခရီးသွားလုပ်ငန်းကို မောင်းနှင်သော အင်ဂျင်တစ်ခုလည်းဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဖလားကို အဖြေထုတ်ကြည့်မည်ဆိုပါက (အားကစား+ ခရီးသွား + ယဉ်ကျေးမှု = လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု) ဟု တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲကြည့်စင်မြင့်ဆီသို့ ကြည့်လိုက်လျှင် မျိုးချစ်စိတ်၊ ထို့နောက် အားကစားကိုချစ်မြတ်နိုးစိတ်၊ ထို့နောက် အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှု၊ ပျော်ရွှင်မှု (ငြိမ်းချမ်းမှု) တို့ကို တွေ့ရမည်ဖြစ်ပါသည်။ မိဘတို့ကလည်း မိမိတို့သားသမီးများကို ဘောလုံးပွဲကြည့်စင်မြင့်ဆီသို့ ခေါ်ဆောင်လာခြင်းမှာ ထိုချစ်မြတ်နိုးစိတ်တို့ကို လေ့ကျင့်မွေးမြူပေးနေသကဲ့သို့ ထင်မှတ်ရပေသည်။

ယင်းသို့ဆိုသော် ကမ္ဘာ့ဖလားဘောလုံးအားကစားပြိုင်ပွဲကြီးသည် အလုံးစုံပြီးပြည့်စုံသောအရာဟု ဆိုရပါမည်လော။ ဈေးနှုန်းကြီးမြင့်မှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ လုံခြုံရေးတင်းကျပ်မှု၊ အမိုက်သရိုက်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့သည်လည်း ဘေးထွက်ဆိုးကျိုးသဖွယ် ပါလာကောင်းပါလာပါလိမ့်မည်။ သို့သော်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် အနိုင်၊ အရှုံးကိုသာ အဆုံးအဖြတ်ပေးသော အားကစားပြိုင်ပွဲတစ်ခုသက်သက်မဟုတ်ဘဲ ကမ္ဘာ့မိသားစုဝင်ယဉ်ကျေးမှုများကို ချိတ်ဆက်ပေးသော၊ ဘာသာစကားမလိုသော ခံစားမှုကိုပေးစွမ်းနိုင်သည့်အရာတစ်ခုဖြစ်သည်။

ထို့အပြင် ခရီးသွားလုပ်ငန်း၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နည်းပညာနှင့် နိုင်ငံ၏ပုံရိပ်ကို တစ်ပြိုင်နက်တည်း မြှင့်တင်ပေးနိုင်သော ဖွံ့ဖြိုးတိုးတက်ရေးအင်ဂျင် “Global Development Engine” တစ်ခုလည်းဖြစ်ပါသည်။ လေထဲသို့ မြောက်တက်သွားသော ဘောလုံးတစ်လုံး၏ လှည့်ပတ်မှုထဲတွင် ကမ္ဘာတစ်ခုလုံး၏ စီးပွားရေးနှင့် ယဉ်ကျေးမှုလှိုင်းလုံးများ လှုပ်ရှားနေသည်ဟုဆိုပါက လွန်အံ့မထင်။ ။

# ဆော်ဒီအာရေဗျ၊ တူကီယဲနှင့် ပါကစ္စတန်နိုင်ငံတို့၏ ခေါင်းဆောင်များက ကာကွယ်ရေးဆိုင်ရာ ပူးတွဲသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုး

ရီယာ့ဒ် ဩဂုတ် ၈

ဆော်ဒီအာရေဗျ၊ တူကီယဲနှင့် ပါကစ္စတန်နိုင်ငံတို့၏ ခေါင်းဆောင်များက အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့ကြသည်။

ဒေသတွင်း တင်းမာမှုများ မြင့်တက်နေဆဲဖြစ်သည့်အချိန်တွင် ၎င်းတို့သည် ကာကွယ်ရေးဆိုင်ရာ ပူးတွဲသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆာလ်မန်၊ တူကီယဲသမ္မတ အာဒိုဂန်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှက်ဘက်ဇ် ရှာရစ်ဖ်တို့က မက္ကာမြို့၌ အဆိုပါသဘောတူညီချက်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ရန်လိုကျူးကျော်မှု မည်သည့်လုပ်ရပ်ကိုမဆို ဆန့်ကျင်တားဆီးနိုင်မည့် စုပေါင်းစွမ်းအားကို ခိုင်မာစေရန် ရည်ရွယ်ကြောင်းနှင့် ၎င်းတို့အနက် နိုင်ငံတစ်နိုင်ငံအပေါ် တိုက်ခိုက်မှုပြုလုပ်ခြင်းကို အားလုံးအပေါ် တိုက်ခိုက်မှုအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ယင်းသဘောတူညီချက်တွင် ပြဋ္ဌာန်းထားသည်။

အဆိုပါသဘောတူညီချက်သည် မည်သည့်နိုင်ငံကိုမျှ ပစ်မှတ်ထားခြင်းမဟုတ်ကြောင်း တူကီယဲသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ယင်းသဘောတူညီချက်သည် ကာကွယ်ရေးလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ရေးဆိုင်ရာ ပူးတွဲလုပ်ဆောင်နိုင်စွမ်းတို့ကို တိုးတက်စေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါနိုင်ငံသုံးနိုင်ငံစလုံးက ဂါဇာကမ်းမြောင်ဒေသအပေါ် အစ္စရေး၏ တိုက်ခိုက်မှုများကို ဝေဖန်ရှုတ်ချကြသည်။ ပါကစ္စတန်နိုင်ငံက အမေရိကန်နှင့် အီရန်တို့အကြား သံတမန်ရေးရာ ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး



တူကီယဲနိုင်ငံကလည်း တင်းမာမှုများကို လျှော့ချရေး ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျာမနီနိုင်ငံ၌ ပြင်းထန်သော မိုးခေါင်ရေရှားမှုကြောင့် သီးနှံများအပေါ် သက်ရောက်မှုများဖြစ်ပေါ်မည်ကို စိုးရိမ်လျက်ရှိ

ဘာလင် ဩဂုတ် ၈

ဂျာမနီနိုင်ငံသည် ပြင်းထန်သော မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားနေရပြီး တောင်သူလယ်သမားများက ၎င်းတို့၏ သီးနှံများအပေါ် သက်ရောက်မှုများဖြစ်ပေါ်မည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ဂျာမနီမိုးလေဝသဌာန၏ အဆိုအရ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်သည် ၂၀၂၀ ပြည့်နှစ်အထိ တွက်ချက်ထားသည့် နှစ်ပေါင်း ၃၀ ပျမ်းမျှမိုးရေချိန်ထက် ၅၀ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့သည်။

တောင်ပိုင်းပြည်နယ် တစ်ခုဖြစ်သည့် ဘာဗေးရီးယားရှိ တောင်သူလယ်သမားအသင်း တစ်ခုက ပြောင်းသီးနှံများ ထိခိုက်မှုရှိနေကြောင်း ပြောကြားခဲ့သည်။ တောင်သူလယ်သမား အများအပြားသည် ပုံမှန်ရရှိလေ့ရှိသည့် ပမာဏ၏ တစ်ဝက်အောက်သာ ရိတ်သိမ်းနိုင်တော့မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။



လွန်ခဲ့သည့် နှစ်လတာကာလအတွင်း မိုးရွာသွန်းမှု လုံးဝနီးပါး မရှိခဲ့သဖြင့် ရာသီဥတုအခြေအနေမှာ ပိုမိုဆိုးရွားပြင်းထန်လာကြောင်း တောင်သူလယ်သမားတစ်ဦးက ပြောကြားခဲ့သည်။

အနောက်ဂျာမနီရှိ ရိုင်းမြစ်ရေလျော့နည်းခန်းခြောက်လျက်ရှိသည်။ မြစ်အလယ်ပိုင်းအပိုင်းတစ်ခု၌ ရေအဆင့်သည် ၁၇ စင်တီမီတာအထိ ကျဆင်းသွားခဲ့ပြီး အဆိုပါအဆင့်သည် မှတ်တမ်းတင်ထားသမျှတွင် အနိမ့်ဆုံးအဆင့် ဖြစ်သည်။

မိုးခေါင် ရေရှားမှုကြောင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးကိုလည်း ထိခိုက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

ရိုင်းမြစ်တစ်လျှောက် တည်ရှိသော ကုမ္ပဏီများသည် သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာခြင်းနှင့် ကုန်ကြမ်းပစ္စည်းများ ရယူရာတွင် အခက်အခဲရှိခြင်းတို့အတွက် စိုးရိမ်ပူပန်နေကြကြောင်း မီဒီယာများက ဖော်ပြကြသည်။

ဂျာမနီအစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကို စဉ်းစားလျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းဖြတ်သန်းမှုကြောင့် ဘေ့စ်ဘောပွဲစဉ် ၁၀ ပွဲကို ဖျက်သိမ်း

ဆိုးလ် ဩဂုတ် ၈

တောင်ကိုရီးယားနိုင်ငံ၌ ပြင်းထန်သော အပူလှိုင်းဖြတ်သန်းမှုကြောင့် ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပရန် စီစဉ်ထားခဲ့သည့် ပရော်ဖက်ရှင်နယ် ဘေ့စ်ဘောပွဲစဉ် ၁၀ ပွဲကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသည် အပူလှိုင်းဒဏ်ကို ခံစားနေရပြီး နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတွင် နေ့အပူချိန် စံချိန်တင်အဖြစ် ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။

မေ ၁၅ ရက်မှ ဩဂုတ် ၄ ရက်အတွင်း အပူဒဏ်ကြောင့် အပူရှပ်ခြင်းဒဏ်ခံစားရသူ ၂၄၄၁ ဦးရှိခဲ့ကြောင်းနှင့် ၎င်းတို့အနက် ၂၁ ဦး သေဆုံးခဲ့ကြောင်း ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ထုတ်ပြန်ထားသည်။

ဩဂုတ် ၅ ရက် ညနေပိုင်းက ဆိုးလ်မြို့အနီးရှိ အင်ချွန်မြို့၌ ကျင်းပခဲ့သော ပွဲစဉ်တစ်ခုတွင် ပရိသတ်အများအပြားက အပူဒဏ်ကြောင့်ဖြစ်သော ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း တောင်ကိုရီးယား မီဒီယာများက ဖော်ပြခဲ့ကြသည်။ ပြင်းထန်သော အပူချိန်အခြေအနေကို ကိုင်တွယ်ဖြေရှင်းမည့် နည်းလမ်းများ ဆွေးနွေးရန်အတွက် ကိုရီးယားဘေ့စ်ဘောအဖွဲ့ချုပ်က ယနေ့ အရေးပေါ်အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ အသင်းအသီးသီးမှ အထွေထွေမန်နေဂျာများနှင့် ကစားသမားများ အသင်းကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အီတလီနိုင်ငံရှိ မြို့ကြီး ၂၇ မြို့ကို အပူချိန်အမြင့်ဆုံးအဆင့် သတ်မှတ်

ရောမ ဩဂုတ် ၈

အီတလီနိုင်ငံ၌ ယခုနှစ်အတွက် စတုတ္ထအကြိမ်မြောက် အပူလှိုင်းဖြတ်သန်းနေချိန်တွင် ကျန်းမာရေးဝန်ကြီးဌာနက မြို့ကြီး ၂၇ မြို့ကို အမြင့်ဆုံးအဆင့်ဖြစ်သည့် 'အနီရောင်အဆင့်' သတိပေးချက်အောက်တွင် ထည့်သွင်းသတ်မှတ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အမြင့်ဆုံးအဆင့် သတ်မှတ်ခြင်းမှာ နိုင်ငံ၏ အပူချိန်သတိပေးစနစ် စတင်အသုံးပြုချိန်မှစ၍ ပထမဆုံးအကြိမ် ဖြစ်သည်။

တောင်ပိုင်းမြို့များဖြစ်သော မက်ဆီနာနှင့် ရက်ဂျို ကာလာဘရီယာမြို့များအထိ အနီရောင်အဆင့် သတိပေးချက်များ တိုးချဲ့သတ်မှတ်လိုက်ခြင်းကြောင့် အမြင့်ဆုံးသတိပေးချက်အဆင့်ရှိ မြို့အရေအတွက် စုစုပေါင်း ၂၇ မြို့အထိ ရှိလာခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသော ပြင်းထန်သည့် အပူချိန်ကာလသည် အနည်းဆုံး နောက်ထပ် ၁၀ ရက်ခန့် ဆက်လက်ဖြစ်ပေါ်နိုင်ပြီး နိုင်ငံ၏ အချို့ဒေသများတွင် နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိနိုင်ကြောင်း မိုးလေဝသခန့်မှန်းသူများက ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အနီရောင်အဆင့် သတိပေးချက်သည် ကြာရှည်မြင့်မားသော အပူချိန်ကြောင့် ဖြစ်ပေါ်သည့် အပူလှိုင်းအရေးပေါ်အခြေအနေကို ညွှန်ပြနေခြင်းဖြစ်သည်။ အဆိုပါအခြေအနေသည် ကျန်းမာရေးအရ ထိခိုက်လွယ်သော အုပ်စုများအတွက်သာမက ကျန်းမာသန်စွမ်းသူများအတွက်ပါ ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို ဖြစ်ပေါ်စေနိုင်သည်။

အီတလီနိုင်ငံသည် ယခုနွေရာသီကာလအတွင်း အပူလှိုင်းဖြတ်သန်းမှု လေးကြိမ်ကို ကြုံတွေ့ခဲ့ပြီးဖြစ်သည်။ ကာလရှည်မြင့်မားသော အပူချိန်၊ မိုးခေါင်ရေရှားမှုနှင့် တောမီးလောင်ကျွမ်းမှုများကြောင့် လူအများအပြား သေဆုံးခဲ့ရပြီး စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍရှိ လုပ်ငန်းများ ထိခိုက်နှောင့်နှေးခဲ့ရသည်။

ယခုနွေရာသီကာလအတွင်း အီတလီနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုများကြောင့် ဟက်တာ ၇၀၀၀၀ ခန့် (ဘောလုံးကွင်းပေါင်း ၁၀၀၀၀၀ ခန့်၏ ဧရိယာနှင့် ညီမျှသောပမာဏ) မီးလောင်ကျွမ်းခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံက ၂၀၃၅ ခုနှစ်တွင် သန့်ရှင်းသည့် စွမ်းအင် ၉၀ ရာခိုင်နှုန်း ပေါင်းစပ်သုံးစွဲမည်

အစ္စလာမ္မာဘတ် ဩဂုတ် ၈

ပါကစ္စတန်နိုင်ငံသည် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ရေးကဏ္ဍတွင် ၂၀၃၅ ခုနှစ်အရောက်၌ သန့်ရှင်းသည့်စွမ်းအင် ၉၀ ရာခိုင်နှုန်း ပေါင်းစပ်သုံးစွဲမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဆာဒါ အဝစ်အာမစ်ခန်လက်ဟာရီက ပြောကြားသည်။

အစိုးရသည် စွမ်းအင်ဖူလုံရေးအတွက် ဘက်ထရီစွမ်းအင်သိုလှောင်ရေးစနစ်၊ ပြည်တွင်းဆိုလာဘက်ထရီထုတ်လုပ်ရေးနှင့် စည်းမျဉ်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်ဟု စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရေးကဏ္ဍတွင် သန့်ရှင်းသည့်စွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်၊ နျူကလီးယား၊ လေအားနှင့် ဆိုလာစွမ်းအင်များသုံးစွဲမှု ၅၅ ရာခိုင်နှုန်းရှိကြောင်း ၎င်းက ပြောကြားသည်။

ဘက်ထရီစွမ်းအင်သိုလှောင်ရေးစနစ်အားကောင်းရေး ဆောင်ရွက်ခြင်းဖြင့် နေ့အချိန်တွင် အလျှံအပယ်ရရှိသည့် ဆိုလာစွမ်းအင်အား ညအချိန်တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်လည်သုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပမှ လောင်စာဆီတင်သွင်းရခြင်းကို လျှော့ချနိုင်မည်ဟု ၎င်းက ပြောကြားသည်။ **ကိုးကား -ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှု

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

**ဉာဏ်ရည်တု (AI) သည် ၂၁ ရာစုတွင်စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် ပထဝီနိုင်ငံရေးပြိုင်ဆိုင်မှုများကို ပုံဖော်ပေးနေသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် AI နယ်ပယ်တွင် ဦးဆောင်မှုရရှိရန် အပြိုင်အဆိုင်လုပ်ဆောင်နေကြသည်။ အာရှ၏ ဦးဆောင်စီးပွားရေးနိုင်ငံများထဲတွင် တောင်ကိုရီးယားသည် ရည်မှန်းချက်ကြီးမားသော AI တီထွင်ဖန်တီးသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုရှိသော တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်း၊ အဆင့်မြင့်ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ ပညာတတ်လုပ်သားအင်အားနှင့် ခိုင်မာသောအစိုးရခေါင်းဆောင်မှုကို အသုံးချခြင်းဖြင့် တောင်ကိုရီးယားသည် အနာဂတ် AI စူပါပါဝါနိုင်ငံတစ်နိုင်ငံအဖြစ် နေရာယူထားသည်။**

AI သုတေသနကိုသာ အာရုံစိုက်သော နိုင်ငံများစွာနှင့်မတူဘဲ တောင်ကိုရီးယားသည် AI ကို ထုတ်လုပ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ စက်ရုပ်နည်းပညာနှင့် အစိုးရအုပ်ချုပ်ရေးတို့နှင့် ပေါင်းစပ်ထားသည့် ပြည့်စုံသော အမျိုးသားမဟာဗျူဟာကို လက်ခံကျင့်သုံးခဲ့သည်။ နိုင်ငံ၏ရည်မှန်းချက်သည် ဉာဏ်ရည်ထက်မြက်သော ဆော့ဖ်ဝဲလ်ဖွံ့ဖြိုးတိုးတက်ရေးထက် ကျော်လွန်သည်။ ၎င်းသည် အဆင့်မြင့်တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ cloud computing၊ ဒေတာစင်တာများ၊ စက်ရုပ်များနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများသည် အပြန်အလှန်အားဖြည့်ပေးသည့် AI-driven စီးပွားရေးကိုဖန်တီးရန် ရည်ရွယ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား အဆင့်မြင့်နည်းပညာများတွင် ယှဉ်ပြိုင်မှုပြင်းထန်လာသည်နှင့်အမျှ တောင်ကိုရီးယားကဲ့သို့သော အလယ်အလတ်အင်အားကြီးနိုင်ငံတစ်ခုသည် ဆန်းသစ်တီထွင်မှု၊ မဟာဗျူဟာမြောက်မိတ်ဖက်များနှင့် ဂရုတစိုက် ဒီဇိုင်းထုတ်ထားသော အများပြည်သူဆိုင်ရာ မူဝါဒများမှတစ်ဆင့် နည်းပညာဆိုင်ရာဦးဆောင်မှုကို ရရှိနိုင်ကြောင်း ပြသခဲ့သည်။ ၎င်း၏ AI ခရီးစဉ်သည် ဖွံ့ဖြိုးပြီးစီးပွားရေးများအတွက်သာမက ဒီဂျစ်တယ်အသွင်ပြောင်းမှုကိုရှာဖွေနေသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ပါ အဖိုးတန်သင်ခန်းစာများကို ပေးဆောင်သည်။

**အမျိုးသားတိုးတက်မှု**
**မဟာဗျူဟာအဖြစ်အသုံးပြုသော AI**

စီးပွားရေးတိုးတက်မှု၏ အင်ဂျင်အသစ်တစ်ခုအဖြစ် AI ကို အသိအမှတ်ပြုသည့်အနေဖြင့် တောင်ကိုရီးယားအစိုးရအဆက်ဆက်သည် AI သုတေသန၊ ဒီဂျစ်တယ်အခြေခံအဆောက်အအုံနှင့် အဆင့်မြင့်ကွန်ပျူတာတို့တွင် ရင်းနှီးမြှုပ်နှံမှုများကို သိသိသာသာတိုးချဲ့ခဲ့သည်။ အမျိုးသားရည်မှန်းချက်မှာ ရေရှည်စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို ထိန်းသိမ်းရင်း ကမ္ဘာ့ဦးဆောင် AI အင်အားကြီးနိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ် တောင်ကိုရီးယားကို ပြောင်းလဲခြင်းပင်ဖြစ်သည်။

တောင်ကိုရီးယားအစိုးရမူဝါဒသည် အပြန်အလှန်အကျိုးပြု ဦးစားပေးသုံးခုကို အလေးပေးဖော်ပြထားသည်။ ယင်းတို့မှာ -

(၁) အမျိုးသား AI ကွန်ပျူတာအခြေခံအဆောက်အအုံကို တိုးချဲ့ခြင်း
(၂) AI startup များနှင့် ဆန်းသစ်တီထွင်မှုဂေဟစနစ်များကို ပံ့ပိုးပေးခြင်း
(၃) AI ခေတ်အတွက် semiconductor ဦးဆောင်မှုကို အားကောင်းစေခြင်းတို့ဖြစ်သည်။

မကြာသေးမီက အစိုးရ၏ ကြိုးပမ်းမှုများသည် AI ဒေတာစင်တာများ၊ cloud computing၊ အချုပ်အခြာအာဏာပိုင် AI မော်ဒယ်များနှင့် အစိုးရ-ပုဂ္ဂလိကသုတေသနမိတ်ဖက်များတွင် ရင်းနှီးမြှုပ်နှံမှုကို အရှိန်မြှင့်တင်ပေးခဲ့သည်။ ဤအစီအမံများအရ အိုမင်းလာသောလူဦးရေ များပြားလာခြင်း၊ လျော့နည်းလာသော အလုပ်သမားအင်အားနှင့် ဆက်စပ်နေသော လူဦးရေဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနေပြီး ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ထားသည်။

**တစ်ပိုင်းလျှပ်ကူးပစ္စည်းများ- ကိုရီးယား၏**
**AI ဦးဆောင်မှုဆိုင်ရာအခြေခံအုတ်မြစ်**

တောင်ကိုရီးယား၏ အကြီးမားဆုံးယှဉ်ပြိုင်နိုင်စွမ်းသည် ကမ္ဘာ့ဦးဆောင် တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်းတွင် တည်ရှိသည်။ AI စနစ်များသည် ကြီးမားသောတွက်ချက်မှုစွမ်းအား လိုအပ်ပြီး အဆင့်မြင့် မှတ်ဉာဏ်ချစ်ပ်များနှင့် ပရိုဆက်ဆာများသည် ဘာသာစကားကြီးများကို လေ့ကျင့်ပေးပြီး ဉာဏ်ရည်ထက်မြက်သောစနစ်များကို လည်ပတ်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။

Samsung Electronics နှင့် SK Hynix ကဲ့သို့သော ကုမ္ပဏီများသည် ခေတ်မီ AI အက်ပလီကေးရှင်းများကို စွမ်းအားပေးသည့် အရေးကြီးဆုံးနည်းပညာများထဲမှတစ်ခုဖြစ်သည့် high-band-width memory (HBM) ၏ မရှိမဖြစ် ပေးသွင်းသူများ ဖြစ်လာခဲ့သည်။

AI ချစ်ပ်များအတွက် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားသည် တောင်ကိုရီးယားကို ထိပ်တန်းနည်းပညာကုမ္ပဏီများအတွက် မဟာဗျူဟာမိတ်ဖက်အဖြစ် ပြောင်းလဲစေခဲ့သည်။ Nvidia နှင့် Broadcom ကဲ့သို့သော ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ကမ္ဘာလုံးဆိုင်ရာ AI ထောက်ပံ့ရေးကွင်းဆက်တွင် ကိုရီးယား၏ အခန်းကဏ္ဍကို တိုးချဲ့နေပြီး ယုံကြည်စိတ်ချရသော semiconductor ပါဝါကြီးတစ်ခုအဖြစ် ၎င်း၏ရပ်တည်မှုကို အားကောင်းစေပါသည်။

ပို့ကုန်များကိုသာ မှီခိုအားထားမည့်အစား တောင်ကိုရီးယားသည် semiconductor ထုတ်လုပ်မှုကို ပြည်တွင်း AI သုတေသန၊ Cloud အခြေခံအဆောက်အအုံနှင့် စက်မှုဆန်းသစ်တီထွင်မှုတို့နှင့် ပိုမိုပေါင်းစပ်လျက်ရှိသည်။

> **တောင်ကိုရီးယားသည် စက်ရုပ်ပညာကို AI ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ထပ်နယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့သည်။ AI ကို ဆော့ဖ်ဝဲလ်အက်ပလီကေးရှင်းများအတွက်သာ ကန့်သတ်ထားမည့်အစား မူဝါဒချမှတ်သူများသည် ထုတ်လုပ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လူသားများကို ကူညီပေးနိုင်သည့် ဉာဏ်ရည်ထက်မြက်သောစက်ရုပ်များကို ဖန်တီးရန် ရည်ရွယ်ထားကြ**

**အမျိုးသား AI အခြေခံအဆောက်အအုံ**
**တည်ဆောက်ခြင်း**

အနာဂတ် AI ပြိုင်ဆိုင်မှုသည် တွက်ချက်မှုစွမ်းရည်အပေါ်မူတည်ကြောင်း အသိအမှတ်ပြုသည့်အနေဖြင့် တောင်ကိုရီးယားသည် AI အခြေခံအဆောက်အအုံတွင် ကြီးမားသောရင်းနှီးမြှုပ်နှံမှုများကို စတင်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် အမျိုးသား AI ဒေတာစင်တာများ၊ မြင့်မားသောစွမ်းဆောင်ရည်ရှိသော ကွန်ပျူတာအဆောက်အအုံများ၊ Cloud အခြေခံအဆောက်အအုံ၊ အဆင့်မြင့် GPU clusters၊ ဒီဂျစ်တယ်သုတေသန ပလက်ဖောင်းများကို အလျင်အမြန် တိုးချဲ့လျက်ရှိသည်။

ရည်မှန်းချက်ကြီးမားသော လုပ်ဆောင်မှုတစ်ခုမှာ နောက်မျိုးဆက်အတွက် ကိုရီးယားမှတ်ဉာဏ်နည်းပညာများဖြင့် စွမ်းအားပေးသော ကြီးမားသည့် AI ဒေတာစင်တာများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ဤအဆောက်အအုံများသည် သုတေသနအဖွဲ့အစည်းများ၊ startup များ၊ တက္ကသိုလ်များ၊ အစိုးရအေဂျင်စီများနှင့် ပုဂ္ဂလိကလုပ်ငန်းများကို ပံ့ပိုးပေးမည်ဖြစ်ပြီး ပြည်ပကွန်ပျူတာအရင်းအမြစ်များအပေါ် မှီခိုမှုကို လျှော့ချပေးမည်ဖြစ်သည်။

ပြည်တွင်း အခြေခံအဆောက်အအုံအပေါ် အလေးပေးမှုသည် ပထဝီနိုင်ငံရေးမရေရာမှုများကာလအတွင်း အရေးကြီးသော AI စွမ်းရည်များ ဆက်လက်ရရှိနိုင်စေရန် သေချာစေခြင်းဖြင့် အမျိုးသား ပြန်လည်ထူထောင်ရေးကို အားကောင်းစေသည်။

**ထုတ်လုပ်မှုထက်ကျော်လွန်သော AI**

တောင်ကိုရီးယားသည် အီလက်ထရွန်နစ်နှင့် မော်တော်ယာဉ်များအတွက် အစဉ်အလာအရ အသိအမှတ်ပြုခံရသည်။ ယခုအခါ AI လက်ခံကျင့်သုံးမှုသည် စီးပွားရေးတစ်လျှောက်တွင် တိုးချဲ့လျက်ရှိသည်။ ထုတ်လုပ်ရေးကုမ္ပဏီများသည် ကြိုတင်ခန့်မှန်းထိန်းသိမ်းမှု၊ အရည်အသွေး ထိန်းချုပ်မှု၊ စက်မှုလုပ်ငန်းအလိုအလျောက်စနစ်နှင့် ထောက်ပံ့ရေးကွင်းဆက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းအတွက် AI ကို အသုံးပြုကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများသည် AI ဖြင့်ကူညီသော ဆေးဘက်ဆိုင်ရာပုံရိပ်ဖော်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ပုဂ္ဂိုလ်ရေးသီးသန့်ကုသမှုစီမံကိန်းရေးဆွဲခြင်းတို့ကို ပိုမိုအသုံးပြုလာကြသည်။

ဘဏ္ဍာရေးအဖွဲ့အစည်းများသည် လိမ်လည်မှုရှာဖွေခြင်း၊ ဖောက်သည်ဝန်ဆောင်မှု၊ ခရက်ဒစ်အကဲဖြတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုခွဲခြမ်းစိတ်ဖြာခြင်းတွင် AI ကို အသုံးချကြသည်။

ပညာရေးအဖွဲ့အစည်းများသည် သင်ကြားရေးအရည်အသွေးနှင့် ကျောင်းသားရလဒ်များကို မြှင့်တင်ရန်အတွက် AI ဖြင့် မောင်းနှင်သော ပုဂ္ဂိုလ်ရေးသီးသန့်သင်ယူမှုပလက်ဖောင်းများကို အသုံးပြုကြသည်။

အစိုးရအေဂျင်စီများသည် အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများကို ရိုးရှင်းစေပြီး အများပြည်သူ ဝန်ဆောင်မှုပေးအပ်မှုကို တိုးတက်စေသည့် ဉာဏ်ရည်ထက်မြက်သော ဒီဂျစ်တယ်ဝန်ဆောင်မှုများကိုလည်း မိတ်ဆက်ပေးလျက်ရှိသည်။

ဤဖွံ့ဖြိုးတိုးတက်မှုများက AI သည် ကိုရီးယားစီးပွားရေး၏ကဏ္ဍတိုင်းနီးပါးတွင် အခြေခံနည်းပညာတစ်ခုဖြစ်လာကြောင်း ပြသနေသည်။

**ရုပ်ပိုင်းဆိုင်ရာ AI နှင့် စက်ရုပ်ပညာ**
**ထွန်းကားလာခြင်း**

တောင်ကိုရီးယားသည် စက်ရုပ်ပညာကို AI ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ထပ်နယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့သည်။ AI ကို ဆော့ဖ်ဝဲလ်အက်ပလီကေးရှင်းများအတွက်သာ ကန့်သတ်ထားမည့်အစား မူဝါဒချမှတ်သူများသည် ထုတ်လုပ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လူသားများကို ကူညီပေးနိုင်သည့် ဉာဏ်ရည်ထက်မြက်သောစက်ရုပ်များကို ဖန်တီးရန် ရည်ရွယ်ထားကြသည်။

အမျိုးသားအစီအစဉ်များသည် လာမည့်နှစ်များအတွင်း AI စက်ရုပ်ကျွမ်းကျင်သူထောင်ပေါင်းများစွာကို လေ့ကျင့်ပေးမည်ဖြစ်သည်။ စက်မှုကဏ္ဍများစွာအတွက် humanoid စက်ရုပ်များကို စီးပွားဖြစ်ထုတ်လုပ်ရန် ရည်ရွယ်ထားသည်။ ၎င်းသည် ၂၀၃၀ ပြည့်နှစ်တွင် ရုပ်ပိုင်းဆိုင်ရာ AI တွင် ကမ္ဘာ့ဦးဆောင်အင်အားကြီးနိုင်ငံများထဲမှ တစ်ခုဖြစ်လာရန် တောင်ကိုရီးယား၏ ရေရှည်ရည်မှန်းချက်ကို ထင်ဟပ်စေသည်။

တောင်ကိုရီးယား၏ လူဦးရေဆိုင်ရာစိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားလျှင် ဉာဏ်ရည်ထက်မြက်သော စက်ရုပ်များသည် အလုပ်သမားရှားပါးမှုကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေနိုင်ပြီး စက်မှုထုတ်လုပ်မှုကို တိုးတက်စေနိုင်သည်။

**တာဝန်ယူမှုရှိသော AI အုပ်ချုပ်မှု**

နည်းပညာဆိုင်ရာ ဦးဆောင်မှုတွင် တာဝန်ယူမှုရှိသော အုပ်ချုပ်မှုလည်း လိုအပ်ပါသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တောင်ကိုရီးယားသည် ၎င်း၏ အထင်ကရ AI အခြေခံဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး အာရှတွင် ဉာဏ်ရည်တုအတွက် ပြည့်စုံသောဥပဒေဘောင်တစ်ခု တည်ထောင်သည့် ပထမဆုံးနိုင်ငံများထဲမှတစ်ခုဖြစ်လာခဲ့သည်။

အထူးသဖြင့် ဥပဒေသည် ကျန်းမာရေးစောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေးနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများကဲ့သို့သော မြင့်မားသောသက်ရောက်မှုရှိသည့် ကဏ္ဍများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ လူသားကြီးကြပ်မှုနှင့် အသုံးပြုသူကာကွယ်မှုအတွက် ကာကွယ်မှုများကို မိတ်ဆက်ပေးနေပြီး ဆန်းသစ်တီထွင်မှုကို မြှင့်တင်ပေးပါသည်။

**AI ခေတ်တွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု**

AI ဖွံ့ဖြိုးတိုးတက်မှုအတွက် တောင်ကိုရီးယား၏မဟာဗျူဟာသည် ပွင့်လင်းသောဆန်းသစ်တီထွင်မှုဂေဟစနစ်ကိုထိန်းသိမ်းနေပြီး အဆင့်မြင့်နည်းပညာမိတ်ဖက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အလေးပေးဖော်ပြသည်။

Samsung Electronics၊ SK Group၊ Nvidia၊ Broadcom၊ OpenAI နှင့် အခြားကမ္ဘာလုံးဆိုင်ရာ နည်းပညာကုမ္ပဏီများပါဝင်သည့် မကြာသေးမီက သဘောတူညီချက်များသည် ကိုရီးယား၏နယ်စပ်ဖြတ်ကျော် AI ပူးပေါင်းဆောင်ရွက်မှုများပင်ဖြစ်သည်။ ၂၀၂၆ ခုနှစ်တွင် ကြေညာခဲ့သော အဓိကရင်းနှီးမြှုပ်နှံမှုများတွင် AI ချစ်ပ်များ၊ အဆင့်မြင့်ထုပ်ပိုးမှု၊ မှတ်ဉာဏ်နည်းပညာများနှင့် AI အခြေခံအဆောက်အအုံများတွင် ကြီးမားသောမိတ်ဖက်များ ပါဝင်သည်။

**စာမျက်နှာ ၁၆ သို့ ❖**



## ဝါးခယ်မမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ မိုးစပါးရာသီ ထွန်တုံးပိတ်ပွဲ ကျင်းပ

ဝါးခယ်မ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ယနေ့နံနက်ပိုင်းတွင် တောကြီးကျေးရွာ တောင်သူ ဦးကြီးမြင့်၏ လယ်မြေ သုည ဒသမ ၅၀ ဧကတွင်၂၀၂၆ – ၂၀၂၇ မိုးစပါးရာသီ ထွန်တုံးပိတ်ပွဲ ကျင်းပသည်။

ထွန်တုံးပိတ်ပွဲသို့ မြောင်းမြခရိုင် စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက ကြည့်ရှုအားပေးကြသည်။

ကောက်စိုက်သမများက ဗျော့ထွန်းစပါးမျိုးကို လက်စိုက်စနစ်ဖြင့် ထွန်တုံးပိတ်စိုက်ပျိုးခြင်းများ ပြုလုပ်သည်။ ထို့နောက် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကောက်စိုက်သမများအား မုန့်နှင့်ရေသန့်ဘူးများ ကျွေးမွေးပြီးတောင်သူများ၏ လိုအပ်ချက်များကို တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

ရီရီလွင်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ကျုံပျော်မြို့နယ်၌ တောင်သူများနှင့်တွေ့ဆုံ

ကျုံပျော် ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျောင်းစုကျေးရွာ တောင်သူ ဦးဝင်းအောင်၏ လယ်မြေ ၁၀ ဧကတွင် စိုက်ပျိုးထားသည့် စပါးမျိုး ၁၀ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် အောင်မြင်ဖြစ်ထွန်းမှုနှင့် မော်ဘီ-၃ စပါးမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှု၍ တောင်သူများနှင့် တွေ့ဆုံပွဲပြုလုပ်သည်။



### ပြန်လည်ဖြေကြား

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဓာတ်မြေဩဇာလျှော့ချသုံးစွဲ၍ သဘာဝမြေဩဇာများ ရောစပ်အသုံးပြုကြရန်၊ ပေါင်းသတ်ဆေးများ လျှော့ချအသုံးပြု၍ နွေထယ်ရေးခံကြရန်၊ ရွှေခရုကာကွယ် နှိမ်နင်းနည်းများနှင့် ကြွက်များအား ကာကွယ်နှိမ်နင်းကြရန်၊ Rice Export Zone များ ဆောင်ရွက်ကြရန် ပြောကြားပြီး တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲသို့ ကျုံပျော်ခရိုင် မြေစာရင်းဦးစီးမှူး ဦးမင်းနောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်းအင်အား ၂၁၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ် အထက(၁) ဘင်ခရာအဖွဲ့အတွက် အလှူငွေများလှူဒါန်း



ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့အတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူနိုင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

### လက်ခံရယူ

ပေးအပ်လှူဒါန်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရဲဆွေလှိုင်က အမှာစကားပြောကြားပြီး အလှူရှင် ဦးမျိုးလွင်ဌေးနှင့်ဇနီး (ဖိုးသဲဆောက်လုပ်ရေးမိသားစု)က အလှူငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းတာဝန်ခံနှင့် ဆရာ ဆရာမများက လက်ခံရယူခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ပြန်/ဆက်)

## ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်း တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထား

ရန်ကုန် ဩဂုတ် ၈

(၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ အုပ်စုပွဲများတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အုပ်စုပွဲများတွင် တောင်ကိုရီးယားအသင်းကို သုံးပွဲ – ပွဲမရှိဖြင့် အရေးနိမ့်ပြီး ဒုတိယပွဲအဖြစ် ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ပြိုင်ဘက်အသင်း အချိန်မီလာရောက်ခြင်းမရှိသဖြင့် မြန်မာအသင်းအား အနိုင်ပေးခဲ့သည်။ မြန်မာအသင်းသည် အုပ်စု(C)တွင် အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျတို့နှင့် ကျရောက်နေပြီး အုပ်စုတတိယပွဲအဖြစ် ဩဂုတ် ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ စာမျက်နှာ ၁၅ မှ

ဤပူးပေါင်းဆောင်ရွက်မှု ချဉ်းကပ်ခြင်းသည် တောင်ကိုရီးယားအား ပြည်တွင်းနည်းပညာ အစွမ်းသတ္တိများကို ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုကွန်ရက်များနှင့် ပေါင်းစပ်ပေးနိုင်သည်။

### စိန်ခေါ်မှုများနှင့်လည်းရင်ဆိုင်နေရ

စင်စစ် ထူးခြားသောတိုးတက်မှုများရှိသော်လည်း တောင်ကိုရီးယားသည် စိန်ခေါ်မှုများစွာနှင့် ဆက်လက်ရင်ဆိုင်နေရသည်။

ပထမအချက်အနေဖြင့် AI ပါရမီရှင်များသည် မြင့်မားသောဝယ်လိုအားရှိနေဆဲဖြစ်ပြီး ပညာရေးနှင့် အလုပ်သမားအင်အား ဖွံ့ဖြိုးတိုးတက်ရေးတွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။

ဒုတိယအချက်အနေဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများတွင် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှုမြင့်တက်လာခြင်းသည် ရေရှည်တည်တံ့သော သုတေသနနှင့် ဆန်းသစ်တီထွင်မှု လိုအပ်နေသည်။

တတိယအချက်အနေဖြင့် AI ဆန်းသစ်တီထွင်မှုကို ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ၊ ကိုယ်ရေးကိုယ်တာကာကွယ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးတို့ကို ဟန်ချက်ညီအောင် လုပ်ဆောင်ခြင်းသည် ဆက်လက်လုပ်ဆောင်နေသော မူဝါဒဆိုင်ရာ ဦးစားပေးတစ်ခု ဖြစ်လာမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် အဆင့်မြင့်နည်းပညာများနှင့်ပတ်သက်သည့် ပထဝီနိုင်ငံရေးတင်းမာမှုများကြောင့် တောင်ကိုရီးယားသည် ၎င်း၏ နည်းပညာဆိုင်ရာ အချုပ်အခြာအာဏာကို ကာကွယ်ရင်း နိုင်ငံတကာမိတ်ဖက်များကို ဂရုတစိုက်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

ဤစိန်ခေါ်မှုများကိုဖြေရှင်းခြင်းသည် လာမည့် ဆယ်စုနှစ်များအတွင်း တောင်ကိုရီးယားသည် ၎င်း၏ AI ဦးဆောင်မှုကို ထိန်းသိမ်းနိုင်မလား ဆိုသည်ကို ဆုံးဖြတ်ပေးလိမ့်မည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် တောင်ကိုရီးယား၏ AI စွမ်းအားကြီးမားသောနိုင်ငံအဖြစ် အသွင်ပြောင်းမှုသည် မဟာဗျူဟာမြောက် အနာဂတ်အမြင်၊ နည်းပညာထူးချွန်မှုနှင့် ထိရောက်သောအုပ်ချုပ်မှုတို့သည် အချင်းချင်း မည်သို့အားဖြည့်ပေးနိုင်သည်ကို သရုပ်ပြသည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်း ဦးဆောင်မှု၊ ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ တာဝန်ယူမှုရှိသောစည်းမျဉ်း၊ စက်ရုပ်နည်းပညာနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကို ပေါင်းစပ်ခြင်းဖြင့် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့အပြည့်စုံဆုံး AI ဂေဟစနစ်များထဲမှတစ်ခုကို တည်ဆောက်နေသည်။

ဉာဏ်ရည်တုနည်းပညာသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ပထဝီနိုင်ငံရေး ဒိုင်းနမစ်များကို ပြန်လည်ပုံဖော်နေသည့်ခေတ်တွင် တောင်ကိုရီးယားသည် ရေရှည်တည်တံ့သော AI ဦးဆောင်မှုကို နည်းပညာတိုးတက်မှုများမှတစ်ဆင့်သာမက ရေရှည်အမျိုးသားရေးကတိကဝတ်၊ အဖွဲ့အစည်းဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်ရရှိကြောင်း ပြသနေသည်။

သို့ဖြစ်ရာ လက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်ဆောင်ရွက်နေပါက တောင်ကိုရီးယားသည် AI နည်းပညာများ၏ ဦးဆောင်တီထွင်သူဖြစ်လာရုံသာမက ရှေ့ဆယ်စုနှစ်များတွင် စီးပွားရေးကြွယ်ဝချမ်းသာမှု၊ စက်မှုယှဉ်ပြိုင်နိုင်စွမ်းနှင့် လူသားကောင်းကျိုးကိုမြှင့်တင်ရန် ဆန်းသစ်တီထွင်မှုတို့တွင် ကောင်းစွာအနေအထားတွင်ရှိနေကြောင်း တင်ပြလိုက်ပါသည်။ ။

**References**

1. Reuters. (2026, July 25). Samsung Electronics, SK Group seal AI deals as South Korea hosts AI powers.
2. Reuters. (2026, January 22). South Korea launches landmark AI Basic Act to regulate artificial intelligence

# ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



ပဲခူး ဩဂုတ် ၈

၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက်(၂၃) နှစ် မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ နှင့် ခရိုင်ပေါင်းစုံ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပဲခူးမြို့ ဥသျှောင်ဥယာဉ်မြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ်၌ ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် ကျင်းပသည်။

ဦးစွာ အမျိုးသားလေးယောက်တွဲ ဗိုလ်လုပွဲအဖြစ် ပဲခူးမြို့နယ်အသင်းနှင့် ကြို့ပင်ကောက်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီးများနှင့် ဆုရရှိသည့်အသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ အသင်း ၂၈ သင်းက အုပ်စု ရှစ်စုခွဲ၍ သုံးယောက်တွဲ၊ လေးယောက်တွဲပြိုင်ပွဲများဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်း ပါဝင်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမရရှိခဲ့သော ကြို့ပင်ကောက်မြို့နယ်အသင်းအား ဂုဏ်ပြုကြိုဆို

ကြို့ပင်ကောက် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမရရှိခဲ့သော ကြို့ပင်ကောက်မြို့နယ်အသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး စောမောင်ဖွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းအား ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ကိုယ်စားပြု ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲပထမဆုနှင့်အမျိုးသားအကောင်းဆုံးအားကစားသမားဆုတို့ကို ဆွတ်ခူးရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**



✦ **အာဆီယံ**

ကြိုးစားကစားခဲ့သော်လည်း အာဆီယံထိပ်သီး ထိုင်းအသင်းကို အဝေးကွင်း၌ အရှုံးပေးခဲ့ရသည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို အရေးနိမ့်ခဲ့သော်လည်း ယခင်ကဲ့သို့ တစ်ဖက်သတ်ဖိအားပေးခြင်းမခံရဘဲ အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ကာ အခွင့်အရေးများ ဖန်တီးနိုင်သည်က ကျေနပ်စရာဖြစ်ခဲ့သည်။ သို့သော် လက်ထိဘောများမှ ပင်နယ်တီနှစ်ကြိမ် ပေးလိုက်ရပြီး ယင်းဂိုးများဖြင့် အရေးနိမ့်ခဲ့သည်မှာ မြန်မာအသင်းအတွက် နစ်နာလှသည်။

မြန်မာအသင်းနည်းပြချုပ် အန်ဒါဆင်သည် ပွဲပယ်နှင့် ဒဏ်ရာရကစားသမားများရှိနေသဖြင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ဇင်ညီညီအောင်(ဂိုး)၊ ဖွဲ့ခန့်မင်း၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ မြတ်ဘုန်းခန့်၊ ကျော်မင်းဦး၊ ဝေလင်းအောင်၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် အမှတ်လိုနေသဖြင့် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သော်လည်း ပွဲအစ ခြောက်မိနစ်မှာပင် ဝင်းနိုင်ထွန်း ပင်နယ်တီဧရိယာအတွင်း လက်ထိခဲ့သဖြင့် ပင်နယ်တီပေးခဲ့ရပြီး ဗိုရာချစ်က ထိုင်းအသင်းအတွက် ဂိုးအဖြစ် ပြောင်းလဲခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပိုမိုဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ရခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် လွင်မိုးအောင်၏အနီးကပ်ကန်ချက် ဘားထိထွက်ခဲ့သဖြင့် မြန်မာအသင်း နစ်နာခဲ့ရသည်။

ဒုတိယပိုင်းအစ လေးမိနစ်တွင် တိုက်စစ်မှူး ဗိုရာချစ်၏ ကန်ချက်ကို တားဆီးရာမှာ မြန်မာနောက်ခံလူ စိုးမိုးကျော်လက်ဖြင့် ထိခဲ့ရာ ကွင်းလယ်ဒိုင်လူကြီးက VAR ကြည့်ပြီး ပင်နယ်တီပေးခဲ့သည်။ ယင်းပင်နယ်တီကို ဂျာဟာနာဖီက ကန်သွင်းယူခဲ့သဖြင့် ထိုင်းအသင်း ဒုတိယဂိုးရခဲ့သည်။ ဂိုးထပ်ပေးလိုက်ရသော်လည်း မြန်မာအသင်း စိတ်ဓာတ်မကျဘဲ ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၆၅ မိနစ်တွင် ဝင်းနိုင်ထွန်းကန်ချက် ဘားထိထွက်ခဲ့သဖြင့် နစ်နာခဲ့ရသည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် မလေးရှားအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိသည်။ အုပ်စု (B) ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ခြောက်မှတ်ရရှိသည့် မြန်မာအသင်း၊ သုံးမှတ်ရရှိသည့် ဖိလစ်ပိုင်အသင်းနှင့် လေးပွဲစလုံးအရေးနိမ့်ခဲ့သည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း၊ ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ တွေ့ဆုံနေပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-FAT**

❖ **ရန်ကုန်ယူနိုက်တက်မှ**

ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ပထမအကျော့ နောက်ဆုံးပွဲကို အနိုင်ရလဒ်ဖြင့် ပိတ်သိမ်းနိုင်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းမှာမူ ပထမအကျော့တွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ကိုးပွဲစလုံး အရေးနိမ့်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် နန်းချိုမွှေး၏ ဟက်ထရစ်ဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၇၊ ၁၈၊ ၇၉ မိနစ်တွင် နန်းချိုမွှေး၊ ၇၇ မိနစ်တွင် ဇင်မိုးပြည့်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay player of the Match ဆုကို ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဟက်ထရစ်သွင်းယူခဲ့သည့် နန်းချိုမွှေးက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ဆွတ်ခူးရရှိသည်။

ပွဲစဉ်၉ ဒုတိယနေ့ကို ဩဂုတ် ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - ညီညီမင်း**

# အာဆီယံ ဖွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စု (A) တွင် ဗီယက်နမ်နှင့် စင်ကာပူအသင်း ဆီမီးတက်

ရန်ကုန် ဩဂုတ် ၈

၂၀၂၆ အာဆီယံ ဖွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စု (A) နောက်ဆုံးနေ့ကို ဩဂုတ် ၇ ရက်က ဆက်လက်ကျင်းပရာ ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ စင်ကာပူအသင်းသည် နောက်တစ်ဆင့်တက်ရေး လိုအပ်နေသည့် သရေတစ်မှတ်ရယူကာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည့် အင်ဒိုနီးရှားအသင်းသည် ၄၇ မိနစ်တွင် အိုရတ်မန်ကို သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း စင်ကာပူအသင်းအတွက် ချေပဂိုးကို ၆၆ မိနစ်တွင် အီဟန် ဖန်ဒီက သွင်းယူခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဗီယက်နမ်အသင်းသည် အနိုင်ရရုံဖြင့် အုပ်စုပထမနေရာ ရရန် သေချာမည်ဖြစ်သောကြောင့် အိမ်ကွင်း၌ အနိုင်ရလဒ်ရရှိရန် ဦးတည်ကစားခဲ့သည်။ ဗီယက်နမ်အသင်းအတွက် ဂိုးများကို ၁၈၊ ၈၉ မိနစ်တွင် ဒင်ဗန်ငုယင်က သွင်းယူပြီး ကျန်တစ်ဂိုးမှာ ၈၆ မိနစ်တွင် ကမ္ဘောဒီးယားအသင်းမှ ဗီကင်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၁ မိနစ်တွင် ဘင်တိုက သွင်းယူခဲ့သည်။

အုပ်စု (A) ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ စင်ကာပူအသင်းက ရမှတ် ရှစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ခုနစ်မှတ်ရသည့် အင်ဒိုနီးရှားအသင်း၊ သုံးမှတ်ရသည့် ကမ္ဘောဒီးယားအသင်း၊ လေးပွဲစလုံးရှုံးသည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - FAS**



စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

★ **MNL မှ**

ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရရှိကာ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ရာသီဝက်ချန်ပီယံဖြစ်ရန် အခြေအနေကောင်းသွားသည်။ နောက်ပိုင်းပွဲများတွင် ခြေစွမ်းပိုင်းရော ရလဒ်ပိုင်းပါ တိုးတက်လာသည့် ရန်ကုန်စီးတီးအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးကို ၁၈ မိနစ်တွင် ရန်ပိုင်ဦးက သွင်းယူသည်။ အား/ကာသိပ္ပံအသင်းသည် ချေပဂိုးရရှိရန် ကြိုးပမ်းလာပြီး ၅၉ မိနစ်တွင် သက်ထူးစံက သွင်းယူသည်။ သရေကျပြီးနောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်းက ဆက်တိုက်ဖိကစားလာပြီး စစ်ငြိမ်းချမ်းဦးက ၇၈၊ ၈၆ မိနစ်တွင် အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ပွဲစဉ် ၁၂ တတိယနေ့ကို ဩဂုတ် ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းမြက်ခင်းတုကွင်း၌ Falcon အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-MNL**

✪ **ကျောဖုံးမှ**

ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာန အသင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ် ၉ ရက်တွင် ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မပိုလမ်း၊ အမှတ်(၃၈)၊ ဟောင်ကောင်(ဒုတိယထပ်) ထပ်ခိုးပါ(၃-လွှာ)နေ ဦးထွန်းအေး [၁၂/စခန(နိုင်)၀၅၇၃၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မပိုလမ်း၊ အမှတ်(၃၈)၊ ဟောင်ကောင်(ဒုတိယထပ်)ထပ်ခိုးပါ(၃-လွှာ)အခန်းအား ဦးထွန်းအေးမှ ၁၉၉၂-ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်လာသည့်အခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းပေါ်တွင် ဦးထွန်းအေးမှ ၎င်းဝယ်ယူပြီးနောက်ပိုင်းမှ ယနေ့အချိန်ထိ တစိုက်မတ်မတ် လက်ဝယ်ထားရှိနေထိုင်သူတစ်ဦးဖြစ်ပါကြောင်းနှင့် အဆိုပါတိုက်ခန်းမှာ ဦးထွန်းအေးတစ်ဦးတည်း ပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ၏ အမွေပစ္စည်းအဖြစ်ကျန်ရစ်ခဲ့သော တိုက်ခန်းမဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုချိုလင်း**
**(LL.B, H.G.P, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၀၁၁)**
**အမှတ် (၄၇)၊ ၃-လွှာ၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၂၅၀၃၅၆၃၅၄**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ အောင်မြင့်မိုရ်လမ်း၊ မြေကွက်အမှတ်(၇၇၄)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဒေါ်လှတင်မြင့်(TKA-၀၂၁၄၆၂)အမည်ပေါက် မြေချပါမစ်မြေအမျိုးစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချ ပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်လှလှဝင်းရွှေ [၁၂/ဗတထ(နိုင်)၀၃၁၈၁၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မျိုးအောင် (စဉ်- ၁၁၄၆၂)**
**(LL.B,D.I.L) (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁ ၊ ၀၉-၄၅၇၇၅၁၂၄၁**

## ဦးအုန်းကျော်လွင် [၁၂/သဃက(နိုင်)၁၄၉၈၅၅]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဘန္ဓုလကုန်း (၄)လမ်း၊ အမှတ် (၂၇)၊ ၈ လွှာ၊ (တိုက်ကိုမျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ် (၁၅ပေx ၄၇ပေ)ရှိ တိုက်ခန်းအား (၃၁-၅-၂၀၂၃)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင်နေထိုင်လျက်ရှိပါသည်။ အထက်ပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းလှိုင် (ခ) ရှီရီးန်း (MTNT- ၀၂၉၃၃၈)၏ ကိုယ်ပိုင်ငွေဖြင့်သာ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်၏ ငွေကြေးတစ်စုံတစ်ရာမှ ပါဝင်ခဲ့ခြင်းမရှိကြောင်းနှင့် တစ်ဦးတည်းမှုပိုင်ပစ္စည်းဖြစ်ကြောင်း ဦးအုန်းကျော်လွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်ပေးသူ** | **လွှဲအပ်ချက်အရ**
**ဒေါ်စန်းစန်းလှိုင်** | **ဒေါ်နှင်းချယ်ရီ**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၂၃၁)**
**အမှတ်- ၄၁၊ ၈၈ လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၈၄၇၃၂၄၉၂**

## အစ္စလာမ်တရားတော်နှင့်အညီ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်- ၂၅၆/၂၆၆၊ ၆-လွှာနေ ကိုရဲထွဋ်ဇာနည်(ခ) မုဟမ္မဒ်အဗ်ဒွလ္လာလ် [၁၂/ပဘတ(နိုင်) ၀၃၈၁၈၅]နှင့် မအိသန္တာထွန်း(ခ) စအီဒါဟ်ဘီ [၁၄/ပသန(နိုင်)၃၂၇၄၅၆]တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိုလမာ-အစ္စလာမ်သာသနာ့ရှင်များအဖွဲ့ချုပ်၏ (၁-၈-၂၀၂၆)ရက်စွဲပါ စာအမှတ်- အ.ဖ/ဓမ္မသတ် /၅၃/၂၀၂၆ ဖသ်ဝါဓမ္မသတ်အရ အစ္စလာမ့်တရားတော်နှင့်အညီ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းအလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-**
**ကိုရဲထွဋ်ဇာနည်(ခ)** | **ဦးမျိုးညွန့် LL.B (ဖျာပုံ)**
**မုဟမ္မဒ်အဗ်ဒွလ္လာလ်** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၂၆/၂၄-၁-၂၀၁၃)**
**အမှတ်- ၂၈၊ ပထမထပ်၊ ၁၄၁ - လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်။ ရန်ကုန်မြို့။ - ၀၉-၄၅၀၀၁၂၇၀၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၅၊ မြေကွက်အမှတ် (၅၅၉)၊ (အလျား ၄၀ ပေx အနံ ၆၀ ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကြင်ဝင်း (ISN- ၅၄၅၃၄၃) အမည်ဖြင့် အမည်ပေါက်မှတ်သားထားပြီး၊ အဆိုပါမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၂၀ ပေx အနံ ၆၀ ပေ )ရှိ မြေကွက်အား ယခုအပိုင်ရောင်းချသူ ဒေါ်ဝေနွယ်ထွဏ်း [၅/ဘတလ (နိုင်) ၀၄၈၄၆၆]က အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိမွန် [၁၂/သကတ(နိုင်) ၁၉၄၆၈၈]မှ ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးပြည့်မျိုးသန့် (ခ) မျိုးသန့်** | **ဒေါ်တင်မိုးခိုင်** | **ဒေါ်ခင်စန္ဒာထွန်း** |
| **LL.B (စဉ်- ၁၀၅၇၇)** | **LL.B (စဉ်- ၄၂၁၆၉)** | **LL.B (စဉ်- ၅၁၃၆၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၁၂၁၂/ခ)၊ တိုးချဲ့ (၂) လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း - ၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(က+ခ)ရုံ၊ ရုံအမှတ်(ခ/အပြင်)၊ ဆိုင်အမှတ်(၃၆၁)၊ ဦးသန်းဌေး [၁၂/လသန(နိုင်)၀၀၈၄၇၀] အမည်မှ ဦးအောင်မြတ်ထွဋ် [၁၂/မဂတ(နိုင်)၀၀၃၇၇၆]သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် သက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံဖုန်းနံပါတ်-၀၉-၄၄၈၀၄၆၃၇၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃ E ၁)၊ မြေကွက်အမှတ်(ပဌမတန်းစား-၁၄၁)၊ မြေကွက်တည်နေရာအမှတ်(၂၅)၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ (ဦးစံသိန်း၊ ဒေါ်လှရင်) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် (သက်ကုန်)မြေအား (ဖခင်)ဦးစံသိန်းသည် (၁၇-၂-၁၉၉၅)ရက်နေ့တွင်လည်းကောင်း၊ (မိခင်)ဒေါ်လှရင်သည် (၅-၅-၂၀၀၈)ရက်နေ့တွင် အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့တွင် ဦးမောင်မောင်အေး [၁၂/အလန(နိုင်)၀၂၆၁၈၉]၊ ဦးကြည်ရှိန် [၁၂/အလန(နိုင်)၀၂၆၁၉၀]၊ ဒေါ်မာမာ [၁၂/အလန(နိုင်)၀၄၄၄၂၉]တို့ သားသမီး(၃)ဦး မွေးဖွားခဲ့ကြောင်း ၎င်းတို့သားသမီး (၃)ဦးသာ အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း (၁၇-၇-၂၀၂၆)ရက်စွဲပါ ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၆၇၇၆/၂၀၂၆၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်(၂)ရှိ ၁၉၉၆ ခုနှစ်တွင် ဒေါ်လှရင်မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ မြေပုံမြေရာဇဝင်မူရင်းအား ထုတ်ယူခဲ့ခြင်းမရှိကြောင်း အရှုပ်အရှင်းပြသနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကမာရွတ်ခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၁၇၆၅/၂၃-၇-၂၀၂၆ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/မြောက်၊ မြေကွက်အမှတ် ၃၄၆/က၊ ဧရိယာ(၂၀'x ၆၀') မြေကွက်တည်နေရာအမှတ်(၃၄၆/က)၊ ရတနာပုံ(၄)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းစိုး [၁၂/သကတ (နိုင်) ၀၇၂၉၉၆] အမည်ပေါက်၊ နှစ် (၆၀) မြေငှားဂရန်အား အမည်ပေါက် ဦးသန်းစိုး (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စိန်စိန် [၁၂/သကတ(နိုင်)၀၇၁၆၂]မှ မိမိကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးသန်းစိုး (ခင်ပွန်း)၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဈ/၃၄/ ၁၀)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၂၂၂/က)ဟုခေါ်တွင်သော မြေကွက်ပေ(၂၀x ၆၀)အနက်မှ ခြေရင်းခြမ်းမြေကွက် ပေ(၁၀x ၆၀)နှင့် ယင်းမြေပေါ်ရှိ အိမ်အဆောက်အဦ၊ ရေ၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက် ဦးထွန်းမြင့်(ဘ)ဦးရှိန်(ISN-၂၃၄၈၃၉)ထံက အဆင့်ဆင့်ဝယ်ယူကာ ယခုလက်ရှိတွင် လက်ရောက်ရရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသည်ဟု ဆိုသော ဦးထွန်းမင်း [၁၂/ရပသ(နိုင်)၁၂၃၁၄၂]ထံက ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာခင် [၁၂/မရကနိုင်) ၁၀၅၀၀၆]မှ ဝယ်ယူရန်အတွက် (၅-၈-၂၀၂၆) ရက်နေ့တွင် အိမ်ခြံမြေတန်ဖိုးအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အား (၅-၉- ၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဦးထွန်းမင်းတို့ အရောင်းအဝယ်ပြုလုပ်ကြသည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ အိမ်ခြံမြေအပြီးသတ်အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဇော်ထွန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၉)**
**အမှတ်-၆၁၁(က)၊ ရတနာသီရိလမ်း၊ ဈ/ ၃၃/၁၀-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၂၉၈၇၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/65402၊ အမျိုးအမည် Yunde- 110၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်သီရိမွန် မှတ်ပုံတင်အမှတ် [၅/မမတ(နိုင်) ၀၈၈၄၈၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## အမည်မှန်

ဦးပြည့်စုံအောင်၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ SEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade -6 မှ မဟန်စု မြတ်အောင်၏ အမည်မှန်မှာ မဟန်စုမွန်အောင် ဖြစ်ပါကြောင်း။

**မဟန်စုမွန်အောင်**

## တစ်ဦးတည်းသာ ဖြစ်ပါကြောင်း

စမ်းချောင်းမြို့နယ်နေ ဒေါ်ကေဇင်ထက် [၉/အမဇ(နိုင်) ၀၄၄၂၄၉] ကိုင်ဆောင်သူ၏ဖခင် ဦးသန်းဝင်း(ခ)ထွန်းဝင်းနှင့် ဦးထွန်းဝင်းသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ တော်ဝင်နဝရတ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade – 3 မှ မဆောင်းရတီမိုး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလုလုဇော် [၁၂/လသယ (နိုင်) ၀၂၇၅၆၇] ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇(အရှေ့)၊ မြေကွက်အမှတ်(၄၆၇)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဒေါ်ခင်သိန်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဟုခေါ်တွင်သော အမှတ်(၃၈)၊ အောင်သပြေအရှေ့(၅)လမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၅x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်တိုက်အဆောက်အဦအပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်တရားဝင်အမည်ပေါက်ပိုင်ရှင်ကွယ်လွန်သူဒေါ်ခင်သိန်း၏သမီး ဒေါ်ခင်စန္ဒာအောင်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ယခုရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးကိုကိုကြီး [၁၂/သကတ(နိုင်)၀၈၂၀၈၅]၊ ဒေါ်မြင့်မြင့်ဌေး [၁၂/သကတ(နိုင်)၀၈၀၃၈၁]တို့အား ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက်နှင့် အဆောက်အဦရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၆၃)**
**အမှတ်(၈၆)၊ (၇လွှာ/စီ)၊ ဝါးတန်းလမ်း၊ (၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၀၃၅၉၆၃ ၊ ၀၉-၇၉၃၀၂၇၆၇၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တိုးချဲ့)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၂၄၄)၊ မြေအကျယ်အဝန်း (၆၀ပေx ၆၀ပေ)ရှိ မြေချပါမစ်မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်တင်ဦး (WKA-၁၈၉၂၁၃) [၁၄/ဝခမ(နိုင်)၀၀၃၄၁၀] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးအောင်ဌေးလှိုင် [၁၂/ဥကတ(နိုင်)၁၇၁၅၄၆]သည် နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ထားခိုင် (LL.B) (D.B.L) (D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၈၇၅)**
**တိုက်အမှတ် (၅၀၃/စီ)၊ အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗိုလ်စိန်မှန်လမ်းမထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၂၀၁၂၉၉၈၊ ၀၉-၉၄၀၉၁၉၉၉၉**

## ဒေါ်သန္တာဝင်း (ခ) ဂျူမုအဟ်ဘီ၏ တရားလွှတ်တော်ရှေ့နေ ဦးလှရွှေနှင့် အထက်တန်းရှေ့နေ ဦးမြတ်သန်းဦးတို့မှ (၆-၈-၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ပါရှိသည့် ပြန်လည်တုံ့ ပြန်ရှင်းလင်းကြေညာချက်အပေါ် အများသိစေရန် ထပ်မံရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၂၃၆/ဘီ)နေ ဦးဝေရန်အောင် (ခ) မုဟမ္မဒ်အလီ [၁၂/အစန(ပြု)၀၀၁၀၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ထပ်မံရှင်းလင်းတင်ပြအပ်သည်မှာ- ကျွန်ုပ်၏မိတ်ဆွေ ဦးဝေရန်အောင် (ခ) မုဟမ္မဒ်အလီနှင့် လူကြီးမင်း ဒေါ်သန္တာဝင်း (ခ) ဂျူမုအဟ်ဘီ [၇/ပမန(ပြု) ၀၀၀၁၂၈]တို့၏ အိမ်ထောင်ရေးကိစ္စနှင့်ပတ်သက်၍ လူကြီးမင်း ဒေါ်သန္တာဝင်း (ခ) ဂျူမုအဟ်ဘီ ကိုယ်တိုင် (၁၅-၂-၂၀၂၆)ရက်စွဲဖြင့် ဗိုလ်တထောင်မြို့နယ်ရှိ (အစိုးရအသိအမှတ်ပြု) မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)တွင် လျှောက်ထားခဲ့ရာ အဆိုပါအဖွဲ့အစည်း၏ ဓမ္မသတ်ဌာနမှ ပြီးပြတ်အောင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသဖြင့်ဟု စွပ်စွဲပြောဆိုခြင်းသည် စနစ်တကျ စည်းမျဉ်းစည်းကမ်းများဖြင့် ဖွဲ့စည်းထားသည့် (အစိုးရအသိအမှတ်ပြု) ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့်အပြင် ရှရီအသ်တရားတော်နှင့်အညီ သမာသမတ်ကျစွာ ပြုလုပ်ဆောင်ရွက်ပေးနေသည့် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းအား အများပြည်သူနှင့် သက်ဆိုင်ရာဘာသာဝင်များအကြား ယုံကြည်မှုနှင့် အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်စေရန် တမင်မရိုးမဖြောင့်သောသဘောဖြင့် ကြေညာခြင်းဖြစ်ပြီး လူကြီးမင်း ဒေါ်သန္တာဝင်း (ခ) ဂျူမုအဟ်ဘီ သည် လျှောက်ထားစာအား (၉-၇-၂၀၂၆)ရက်နေ့တွင် ရုတ်သိမ်းကြောင်းကို မရိုးမဖြောင့်သောသဘောဖြင့် viber မှတစ်ဆင့် ပို့ခဲ့ခြင်းကို (အစိုးရအသိအမှတ်ပြု) မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ လက်မခံကြောင်းကို အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပါသည်။ လူကြီးမင်း ဒေါ်သန္တာဝင်း (ခ) ဂျူမုအဟ်ဘီ အနေဖြင့် (အစိုးရအသိအမှတ်ပြု) မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ လျှောက်ထားခဲ့စဉ်ကာလအတွင်း အစ္စလာမ့်ရှရီအသ်တရားတော်နှင့်အညီ သမာသမတ်ကျစွာ ဆုံးဖြတ်နိုင်ရန်အတွက် လူကြီးမင်း၏ခင်ပွန်းဖြစ်သူ ဦးဝေရန်အောင် (ခ) မုဟမ္မဒ်အလီ အား ဆင့်ခေါ်ခြင်း၊ အသိပေးခြင်း ၎င်းအနေဖြင့် လူကြီးမင်းအပေါ် မည်ကဲ့သို့ အိမ်ထောင်ရေးပြစ်မှုအား ကျူးလွန်ထားခြင်း ရှိ/မရှိကို လေ့လာစုံစမ်းမှုပြုပြီး ခင်ပွန်းဖြစ်သူ ဦးဝေရန်အောင် (ခ) မုဟမ္မဒ်အလီသည် လူကြီးမင်းအပေါ် မည်သည့်အိမ်ထောင်ရေးပြစ်မှုကိုမျှ ကျူးလွန်ထားခြင်းမရှိသည်ကို စုံစမ်းသိရှိရသည့်အတွက် နှစ်ဖက်ညှိနှိုင်းမှု ပြုလုပ်ရန် ဆိုင်းငံ့ကာလအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ထို့အပြင် လူကြီးမင်း၏ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ တရားတော်နှင့်အညီ ဦးဝေရန်အောင် (ခ) မုဟမ္မဒ်အလီအား အကြောင်းကြားခြင်းတစ်စုံတစ်ရာမရှိဘဲ မျက်ကွယ်၌ အဆိုပါဓမ္မသတ်ဌာနမှ စာအမှတ်-၀၄၀/၂၆/ဓမ္မ/မလဝ-ဗဟ၊ (၂၁-၇-၂၀၂၆)ရက်နေ့တွင် ထုတ်ပြန်ပေးထားခြင်းဖြစ်ပြီး လူကြီးမင်း ဒေါ်သန္တာဝင်း (ခ) ဂျူမုအဟ်ဘီအား မှ ထိုဓမ္မသတ်အား အကြောင်းပြု၍ သွလာကေဗာအင်နိခံယူကာ ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း မြွက်ဟကြေညာချက်ပြုလုပ်၍ ကြေးမုံသတင်းစာတွင် ကြေညာခဲ့ခြင်းသည် တရားတော်ကို ဆန့်ကျင်၍ မရိုးမဖြောင့်သောသဘောဖြင့် ကြေညာခြင်းဖြစ်၍ ထိုကြေညာချက်အား ဤသတင်းစာကြေညာချက်ပါရှိသည့်နေ့မှ (၂)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ထပ်မံရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဝေရန်အောင် (ခ) မုဟမ္မဒ်အလီ** | **ဦးလေးဝင်း (LL.B)** |
| **အမှတ်(၂၃၆/ဘီ)၊ အောင်ဇေယျလမ်း၊** | **အထက်တန်းရှေ့နေ (စဉ်- ၅၀၄၅၄/၂၇-၁၁-၂၀၁၈)** |
| **ဈေးကုန်းအနောက်ရပ်ကွက်၊** | **အမှတ်-၉/၁၁၊ပထမထပ်၊အခန်း(B)၊** |
| **အင်းစိန်မြို့နယ်၊** | **၃၆(လမ်းတို)အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၀၂၆၂၄၀၅၊ ၀၉-၇၉၅၆၁၀၆၁၃** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၀)လမ်း၊ အမှတ်(၂၀၆)၊ အကျယ်အဝန်းအားဖြင့် (ပေ ၂၀x ၆၀ ပေ) ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် (၁၈ ပေx ၅၄ ပေ) (၁)ခန်းတည်း (၆)ထပ် တိုက်အဆောက်အဦ၏ (ပထမထပ်/၂-လွှာ)တိုက်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ဆွေးထန်မွေး [၄/ဖလန(နိုင်) ၀၄၈၄၈၁]**က ကန်ထရိုက်တာဖြစ်သူ **ဦးဇော်မင်းနိုင် [၁၂/ဥကမ(နိုင်)၂၆၁၅၆၇]**ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးတင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၄၄၀)**
**အမှတ်(၁၉/B4)၊ အောင်မေတ္တာလမ်းမကြီး၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၈၇၃၆၃၂၇**

## အမွေရှင် ဒေါ်လှကျင် ကျန်ရစ်ခဲ့သောပစ္စည်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ၁၄၁/ရပ်ကွက်၊ ဗန္ဓုလအိမ်ရာ၊ အမှတ်(၂၀၃)နေ ဒေါ်စန်းစန်းမြင့် (ဘ) ဦးဘီရိုတာစော [၁၂/လသန(နိုင်)၀၀၂၇၂၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကွယ်လွန်သူ ဦးဘီရိုတာစောနှင့် ဒေါ်လှကျင်တို့တွင် သားသမီး (၉)ဦး ထွန်းကားခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းမြင့်မှာ တတိယမြောက် သမီးဖြစ်ကြောင်း ဦးဘီရိုတာစောနှင့် ဒေါ်လှကျင်တို့ ကွယ်လွန်ပြီးချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဒေါ်လှကျင် အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၅/ရပ်ကွက်၊ သုမန(၅) လမ်း၊ အမှတ်(၃၁၆)ဟုခေါ်တွင်သည့် အကျယ် (၂၀ပေx ၆၀ပေ)၊ နှစ်(၆၀)ဂရန် မြေကွက်အနက်မှ (မြေကွက်ကိုမျက်နှာမူလျှင်) ယာဘက်အခြမ်း၊ အကျယ် (၁၀ပေx ၆၀ပေ)ရှိ မြေနှင့် နေအိမ်တို့ကို ဦးဘီရိုတာစောနှင့် ဒေါ်လှကျင်၏ သားသမီးများက အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမွေဆိုင်မြေနှင့်အိမ်ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းမြင့်၏ ခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းနှင့် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းတို့လုံးဝ မပြုလုပ်ပါရန်နှင့် အရောင်းအဝယ် ပြုလုပ်နေသည့်ကိစ္စရပ်တို့အား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ကန့်ကွက်တားမြစ်အပ်ပါသည်။ ကန့်ကွက်တားမြစ်ချက်အား ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -** **ဒေါ်စန်းစန်းမြင့်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟန်ဝင့်ဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၇၁၅/၇-၇-၂၀၂၅)**
**အမှတ်(၅၇)၊ မြို့မ ၁၅ လမ်းအနောက်၊ ၄/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၅၈၇၅၄၆၀၊ ၀၉-၉၇၇၅၁၇၉၉၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ်- I(အိုင်)၊ ဦးပိုင်အမှတ်(၁၇-က)၊ ၆၆ လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သောင်း၏ (SP ရရှိသူ ဒေါ်မြတ်မဉ္ဇူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၉၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရီရီမြင့် [၁၃/ကခန(နိုင်)၀၁၈၇၉၆] က အမှုတွဲအမှတ် (၁၅၉၃/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၄ ရပ်ကွက်၊ အကွက်အမှတ် (ဃ-၄)၊ ဦးပိုင်အမှတ် (၁၂၀)၊ ၆၄ လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျန်းရီဖျင့်၏ (SP ရရှိသူ ဦးစိုင်းမင်းသိန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၁၅၃/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးဆွေဝင်း [၁၃/သပန(နိုင်) ၁၀၂၅၇၅]က အမှုတွဲအမှတ် (၁၅၉၄/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ် (တ-၇/စ)၊ ဦးပိုင်အမှတ်(၃-ခ)၊ ၁၀၁ လမ်း၊ ၆၈x၆၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းစိုင်းတင့်ဆွေ၏ (SP ရရှိသူ ဦးမင်းသူ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၃၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ရေဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (A- bank)၏ (ကိုယ်စား ဒေါ်မွန်မွန်စိုး [၁၂/တမန(နိုင်)၀၀၀၂၇၃])က အမှုတွဲအမှတ်(၁၅၉၅/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေး/တောင်)၊ မြေကွက်အမှတ် (၁၆၀/က)၊ ဧရိယာ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာ(၃)လမ်း၊ အမှတ် (၁၆၀/က)၊ (၁)ခန်းတည်း (၆)ထပ်တိုက်၏ မြေညီထပ် (ထပ်ခိုးအပါ)၊ (၁၈ပေx ၅၄ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်"တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်မိစော သီတာအောင် [၁၂/မရက(နိုင်) ၁၀၄၅၅၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ကြူကြူနိုင်က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤ ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိကြာလှိုင်စိုး**
**LL.B, D.B.L, D.I.L, D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၆၉)**
**Ph: 09-782840688**

**ဒေါ်နန်းစိုးလွင်တိုး**
**LL.B,D.B,D.R.S**
**အထက်တန်းရှေ့နေ (စဉ်-၃၈၂၆၉)**
**Ph: 09-451830935**

**အမှတ် (၃၁၃)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## သက်ဆိုင်သူနှင့် အများသိစေရန်အသိပေးကြေညာခြင်း

**"ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်-၁၅၉ ၊ ၈-လွှာ၊ (၁၃ x ၆၀)ပေ အကျယ်ရှိ တိုက်ခန်း"**ကို ဒေါ်ဌေးဌေးလှိုင် [၁၂/ပဇတ(နိုင်) ၀၂၆၁၈၈]က (၁၀-၂-၂၀၁၄)ရက်နေ့တွင် ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်နေထိုင် အကျိုးခံစားလျက်ရှိပါသည်။ ဒေါ်ဌေးဌေးလှိုင်သည် (၂၄-၃-၂၀၂၆) ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပါသည်။ ၎င်းကွယ်လွန်သွားပြီးနောက် အစ်မများဖြစ်သည့် ဒေါ်တင်တင်ဦး၊ ဒေါ်ကြူကြူ၊ ဒေါ်သန်းသန်းဌေးတို့က ညီမဖြစ်သူ၏ အဆိုပါတိုက်ခန်းအား အမွေခံများအဖြစ် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ငှားရမ်းခြင်း၊ အခြားစီမံခန့်ခွဲခြင်းများကို အမွေဆိုင် (၃)ဦး သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်သွားရမည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေများ သိရှိခြင်းမရှိဘဲ အခြားသူတစ်ဦးအနေဖြင့် မိမိတို့တစ်ဦးတည်းသဘောဆန္ဒဖြင့် စီမံဆောင်ရွက်ပိုင်ခွင့်မရှိပါကြောင်း၊ ထိုကဲ့သို့ တစ်ဦးတည်းသဘောဆန္ဒဖြင့် စီမံဆောင်ရွက်ထားခြင်းများ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်တင်တင်ဦး**
**[၁၂/ဗတထ(နိုင်)၀၂၇၁၇၄]**
**ဒေါ်ကြူကြူ**
**[၁၂/ပဇတ(နိုင်)၀၂၄၁၂၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မင်းဦး LLB,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)**
**အမှတ်-၁၅၃၊ ၅-လွှာ၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၄၈၆၆၄၀၇၊ ၀၉-၇၈၆၆၃၅၆၉၇**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်းမကြီး၊ တိုက်အမှတ် ၃၁(A)၊ (၄)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (ခေါင်းရင်းခန်း)၊ အခန်းအမှတ်(၈) တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းရှိ ကိုယ်ပိုင်ရေမော်တာ (၁)လုံး၊ ကိုယ်ပိုင်လျှပ်စစ်မီတာဘောက် (၁)လုံးအပါအဝင် တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်းဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသူဖြစ်သည့် ဒေါ်မြင့်မြင့်ရီ [၁၂/မရက(နိုင်)၀၀၇၅၂၆]ထံမှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဒေါ်ငုဝါလှိုင် [၁၂/မရက(နိုင်) ၁၂၉၈၄၉]က (၁-၅-၂၀၂၆)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်"ဖြင့် စာချုပ်ချုပ်ဆို၍ ငွေအပြေအကျေပေးချေကာ ဝယ်ယူပြီးလက်ရှိထား စီမံခန့်ခွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းသည် ဒေါ်ငုဝါလှိုင် ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါကြောင်းနှင့် ဒေါ်ငုဝါလှိုင်၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများကို ဆောင်ရွက်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ငုဝါလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၂၄၅)**
**တိုက်အမှတ် (B 6) အခန်း (401) ၊ ရွှေကမ္ဘာအိမ်ရာ၊**
**မင်းခမွေလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉ - ၇၉၇၇၈၃၅၁၆**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် ပစ္စည်းခန်းခွဲဝေပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းဝေဝေလွင် [၁၂/သဃက(နိုင်)၁၄၇၉၄၇] (ဘ) ဦးခင်ဦးနှင့် ဦးမြင့်ဝင်း [၁၂/လသယ(နိုင်) ၀၂၇၈၉၀] (ဘ) ဦးကျော်ရွှေတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၀၀၀)ခုနှစ်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။

ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုလုံးဝမရှိတော့၍ အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် (၅-၈-၂၀၂၆)ရက်နေ့တွင် နှစ်ဖက်သောမိဘများ၊ ပညာရှိလူကြီးမင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် အသိသက်သေရပ်ကွက်လူကြီးများ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး၊ လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းကိုလည်း အညီအမျှခွဲဝေရန် ဦးမြင့်ဝင်း အဆိုပြုတောင်းဆိုသည့် ငွေကြေးပမာဏကိုလည်း သက်သေရပ်ကွက်လူကြီးများ ရှေ့မှောက်တွင် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ခွဲဝေလက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသဖြင့် နောက်ထပ်ခွဲဝေရန် မည်သည့်ပစ္စည်း၊ ငွေကြေးတစ်စုံတစ်ရာမျှ မကျန်ရှိတော့ပါကြောင်း ကျွန်ုပ်မိတ်ဆွေပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နှင်းဝေဝေလွင်နှင့် ဦးမြင့်ဝင်းတို့သည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်သည့် (၅-၈-၂၀၂၆)ရက်နေ့မှစ၍ တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စ၊ ငွေကြေးကိစ္စ၊ စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်နှင့် ပတ်သက်သော ကိစ္စရပ်များနှင့် အခြားမည့်သည့်ကိစ္စရပ်မျိုးတွင်မဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ကျန်တစ်ဦးက ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းများလုပ်ဆောင်ခွင့်စသည့် ပတ်သက်ဆက်နွှယ်ခွင့် တစ်စုံတစ်ရာမျှ မရှိတော့ပါကြောင်းနှင့် ဦးမြင့်ဝင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းဝေဝေလွင်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နှင်းဝေဝေလွင်**
**[၁၂/သဃက(နိုင်)**
**၁၄၇၉၄၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ညီညီမင်း**
**LL.B, M.A (Busineas Law), D.B.L, D.I.L,**
**P.G.D.C.A, G.T.I (Civil)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၀၀၀)**
**အမှတ်(၇၁၂/ခ)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.လ.က(ဝင်းပ) ကျောင်း Grade-6 တွင် ပညာသင်ကြားနေသော စောစိုးပိုင်ဦး၏ မိခင် အမည်မှန်မှာ နော်အဲ့ဖော [၁၀/သထန(နိုင်)၁၈၉၆၂၆] ဖြစ်ပါကြောင်း။

**နော်အဲ့ဖော**
**[၁၀/သထန (နိုင်) ၁၈၉၆၂၆]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၆)၊ ဦးပိုင်အမှတ် (၁၂)၊ ၆၅x၆၆ ကြား၊ ၁၃၄x၁၃၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးထွန်းထွန်း၊ ဒေါ်လှလှရီ၊ ဒေါ်မြင့်မြင့်သိန်းတို့ (၃)ဦး၏ (GP ရရှိသူ ဒေါ်ဟေမာလှိုင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၅၉/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဦးကျော်မိုး [၉/သစန (နိုင်) ၀၈၈၉၃၁]၊ ဦးမိုဟာမက်ရဖီး [၉/မနမ(နိုင်) ၁၁၃၃၁၀]တို့က အမှုတွဲအမှတ် (၁၅၉၇/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

